# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက် | ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ် (၁၂၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ပြပွဲ၊ ပြိုင်ပွဲ ကျင်းပပြုလုပ်ပေးနေခြင်းအားဖြင့် မိမိတို့၏ ထုတ်ကုန်ပစ္စည်းကွာခြားချက်၊ ဈေးနှုန်းနှင့် အရည်အသွေး၊ ထုပ်ပိုးမှုပုံစံ၊ နည်းပညာ၊ ပြည်ပတင်ပို့နိုင်မှု အခြေအနေတို့ကို နှိုင်းယှဉ်နိုင်ပြီး လိုအပ်ချက်များ ပြုပြင်နိုင်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ပြည်နယ်ပြခန်းများ ခင်းကျင်းပြသရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိ စေတီတော် တပေါင်းကွင်း၌ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဆပ်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ အေဂျင်စီဥက္ကဋ္ဌများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပြခန်းတာဝန်ခံများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပရန် ရည်ရွယ်ချက်များနှင့် ရည်မှန်းချက်များ အသီးသီး ချမှတ်ထားပြီးဖြစ်ကြောင်း၊ MSME လုပ်ငန်းကော်မတီ စတင်ဖွဲ့စည်းသည့်အချိန်မှ ယခုချိန်အထိ


*စာမျက်နှာ ၃ ကော်လံ ၁* ❍



**ယနေ့ ဖတ်စရာ**

**ကမ္ဘာကို လှုပ်ခတ်သော ရွေးကောက်ပွဲ ကတိများ** — ဆောင်းပါး — စာ ၆

**၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်** — ထုတ်ပြန်ချက် — စာ ၁၁

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်** — ပြည်တွင်းသတင်း — စာ ၁၂

# ဒုစရိုက်လုပ်ငန်းများ မရှိစေရေးနှင့် မဖြစ်ပေါ်စေရေး တင်းတင်းကျပ်ကျပ် ပြတ်ပြတ်သားသားဆောင်ရွက်

မြန်မာ-ထိုင်း နယ်စပ်မြို့များဖြစ်သော တာချီလိတ်၊ မိုင်းတုံ၊ မြဝတီ၊ ဘုရားသုံးဆူမြို့များသို့ လျှပ်စစ်ဓာတ်အား၊ စက်သုံးဆီနှင့် အင်တာနက် ပေးပို့ရောင်းချနေမှုများကို ထိုင်းဘက်က ဖြတ်တောက်လိုက်ကြောင်း အွန်လိုင်းမီဒီယာများတွင် တွေ့ရှိရသည်။ အဆိုပါနယ်စပ်မြို့များမှာ အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့် လောင်းကစားလုပ်ငန်းများ ရှိနေကြောင်း သတင်းများတွင် တွေ့ရှိရသော်လည်း ကာဆီနိုမြို့တော်ကြီးများသဖွယ် အကြီးအကျယ်လုပ်ကိုင်နေသည့် အဆိုပါနေရာများမှာ အစိုးရ လက်လှမ်းမမီသည့် ဒေသများတွင် တည်ရှိနေသည်။

ကျားဖြန့်ဟု အများသိကြသော အွန်လိုင်းငွေလိမ်နှင့် လောင်းကစား ဂိုဏ်းများမှာ အပေါ်ယံတွင် ကုမ္ပဏီများအဖြစ် အသွင်ယူထားကြပြီး လူမှောင်ခိုမှု၊ ငွေကြေးခဝါချမှုနှင့် အခြားရာဇဝတ်မှုများကိုပါ ကျူးလွန်ကြသည်ဟုလည်း အများကယုံကြည်ထားကြသည်။ အရှေ့တောင်အာရှ နိုင်ငံအချို့တွင်ပါ လှည့်ပတ်လုပ်ကိုင်ခဲ့ကြသည့် ကျားဖြန့်ဂိုဏ်းများ မြန်မာနိုင်ငံနယ်နိမိတ်အတွင်းရောက်ရှိလာခြင်းနှင့် နိုင်ငံတကာမှ နည်းပညာကျွမ်းကျင်သူများကို မက်မောလောက်စရာ လုပ်ခငွေကြေး ပမာဏဖြင့် သွေးဆောင်ခေါ်ယူ၍ လူကုန်ကူးခြင်း၊ ငွေကြေးလိမ်လည်ခြင်း တို့ကြောင့် မြန်မာနိုင်ငံ၏ ပုံရိပ်ညှိုးနွမ်းကျဆင်းခဲ့ရပြီး တရုတ်နိုင်ငံ အပါအဝင် အခြားနိုင်ငံများ၏ အထင်အမြင်လွဲမှားခြင်းကို ခံခဲ့ရသည်။ မြန်မာနိုင်ငံအနေဖြင့်မူ အွန်လိုင်းငွေလိမ် ကျားဖြန့်ဂိုဏ်းများကို ထိထိရောက်ရောက်အရေးယူမှုများ ဆောင်ရွက်ခဲ့ပြီး ရာဇဝတ်ဂိုဏ်းသားများနှင့် လူကုန်ကူးခံရသူများ ထောင်ပေါင်းများစွာတို့ကို သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်အပ်နှံပေးခဲ့သည်။

ဖေဖော်ဝါရီ ၃ ရက်က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် “နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် ပူးပေါင်း၍ ၎င်းဒုစရိုက်မှုနှိမ်နင်းရေးကို တက်ကြွကျယ်ပြန့်စွာ ဆောင်ရွက်နေကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ သက်ဆိုင်ရာနယ်မြေများအလိုက် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် မိမိတို့ဒေသများအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ၊ အခြားဒုစရိုက်လုပ်ငန်းများမရှိစေရေးနှင့် မဖြစ်ပေါ်စေရေး ဖော်ထုတ်အရေးယူခြင်းများဖြင့် တင်းတင်းကျပ်ကျပ်ပြတ်ပြတ်သားသားဖြင့် ကိုင်တွယ်ဆောင်ရွက်သွားကြရန် မဖြစ်မနေလိုအပ်ကြောင်း၊ ၎င်းအမှုများအပြင် မူးယစ်ဆေးဝါးကိစ္စများနှင့် အခြားဒုစရိုက်မှုများ၌ ပါဝင်ဆောင်ရွက်နေသူများအပြင် သက်ဆိုင်ရာနယ်မြေအလိုက် တာဝန်ရှိသူများ ပတ်သက်နေမှုရှိပါက အားလုံးကို ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်သဖြင့် အလေးထားလိုက်နာဆောင်ရွက်သွားရန်လိုကြောင်း” သတိပေးနှိုးဆော် တိုက်တွန်းပြောကြားခဲ့သည်။

အွန်လိုင်းငွေလိမ်လောင်းကစား ရာဇဝတ်ဂိုဏ်းများမှာ လူအင်အား၊ ငွေကြေးအင်အားကြီးမားစွာ လုပ်ကိုင်နေကြခြင်းဖြစ်ပြီး ၎င်းတို့၏ အကျိုးအမြတ်၊ ဝင်ငွေပမာဏကြီးမားသည့်အလျောက် သာမန်အားဖြင့် နှိမ်နင်းရန် ခက်ခဲနိုင်သည်။ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုကျူးလွန်နေကြသူများ ဖြစ်သည့်အလျောက် နိုင်ငံတကာပူးပေါင်း၍ အမြစ်ပြတ်အောင် သုတ်သင်ရှင်းလင်းမှသာ ကျားဖြန့်ပပျောက်သွားနိုင်သည်။ လက်ရှိအခြေအနေမှာပင် ၎င်းတို့အား ဓာတ်အားဖြတ်၊ အင်တာနက်ဖြတ်၊ စက်သုံးဆီဖြတ်ခြင်းတို့ကို အခြားနည်းလမ်းများဖြင့် ပြန်လည်ကုစားပြီး နေရာပြောင်းရွှေ့အခြေချမှုများ ပြုလုပ်နေကြကြောင်းသတင်းများကို အွန်လိုင်းမီဒီယာများတွင် တွေ့နေရသည်။

မိမိတို့နိုင်ငံတွင် ပြည်တွင်းဒေသအများအပြား၌ အကြမ်းဖက်သမားများက မြို့ရွာလူနေဒေသများကို ထိပါးတိုက်ခိုက်မှုများ၊ တိုင်းရင်းသားအမည်ခံအကြမ်းဖက်သောင်းကျန်းသူများက နယ်မြေချဲ့ထွင်တိုက်ခိုက်မှုများကြောင့် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ ပြန်လည်စိုးမိုးနိုင်ရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်နေရချိန်တွင် နယ်စပ်ဒေသများ၌ ကျားဖြန့်ဂိုဏ်းများ အခြေချလုပ်ကိုင်လာကြခြင်းက မြွေပူရာကင်းမှောင့်ဟူသော ဆိုရိုးသဖွယ် နောက်ထပ်ရှင်းလင်းဖယ်ရှားစရာ ဆူးပြောင့်ခလုတ်များ တိုးလာခြင်းပင်ဖြစ်သည်။ အဆိုပါ အွန်လိုင်းရာဇဝတ်ဂိုဏ်းများမှာ နယ်စပ်ဒေသများတွင်သာမက ပြည်တွင်းရှိ မြို့ကြီးများ၌လည်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် သာဓကများရှိခဲ့ရာ ပြည်တွင်း၌လည်း ရှာဖွေဖော်ထုတ်နှိမ်နင်းသွားနိုင်ရန်လိုအပ်သည်။ နယ်မြေဒေသအလိုက်တာဝန်ရှိသူအသီးသီးတို့ကလည်း မိမိတို့နယ်မြေဒေသများအတွင်း ဒုစရိုက်မှုတို့ကင်းရှင်းစေရေး သတိနှင့် စောင့်ကြပ်ကြည့်ရှုရန်နှင့် ရှာဖွေဖော်ထုတ်နှိမ်နင်းနိုင်ရန်လိုအပ်ပြီး အဂတိတစ်ပါးပါးကြောင့် ၎င်းတို့နှင့် ပတ်သက်ယှက်နွှယ်သွားမိသည့်အဖြစ်သို့ ကျရောက်မသွားစေရန် သတိတရားကြီးစွာထား၍ မိမိတို့ထမ်းဆောင်ကြရမည့်တာဝန် ကျေပွန်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှု လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။




## ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ

## ၅-၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅၄၇၀၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

❍ ရှေ့ဖုံးမှ

လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များ၊ နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးသည့် ခရီးစဉ်များတွင် တွေ့ရသည့် အတွေ့အကြုံများအရ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပြည်နယ်၊ တိုင်းဒေသကြီးအဆင့် လုပ်ငန်းချိတ်ဆက်နိုင်မှု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအချင်းချင်း၊ လုပ်ငန်းရှင်များအချင်းချင်း လုပ်ငန်းများ ချိတ်ဆက်နိုင်မှု၊ အတွေ့အကြုံဖလှယ်နိုင်မှုများတွင် လိုအပ်ချက်များ ရှိနေသည်ကို တွေ့ရကြောင်း၊ ထို့ပြင် မိမိလုပ်ငန်းများအလိုက် သီးခြားစီ လုပ်ဆောင်နေကြခြင်းဖြစ်သည့်အတွက် အချင်းချင်းညှိနှိုင်းပေါင်းစပ်ခြင်းနှင့် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများတွင်လည်း အားနည်းနေသည်ကို တွေ့ရကြောင်း၊ နည်းပညာ၊ အထောက်အကူပစ္စည်းအပါအဝင် MSME နှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် လုပ်ဆောင်ပေးနိုင်သည်များကို webportal များ၌ တင်ပေးထားသော်လည်း လုပ်ငန်းရှင်များအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် လိုအပ်ချက်များရှိနေသည်ကိုလည်း တွေ့ရကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တပေါင်းတစည်း MSME ထုတ်ကုန်ပြပွဲများကျင်းပလျက်ရှိသော်လည်း ပြည်ထောင်စုအဆင့်တွင် မိမိတို့ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ယခုကဲ့သို့ ပြပွဲ၊ ပြိုင်ပွဲ ကျင်းပပြုလုပ်ပေးနေခြင်းအားဖြင့် မိမိတို့၏ ထုတ်ကုန်ပစ္စည်းကွာခြားချက်၊ ဈေးနှုန်းနှင့် အရည်အသွေး၊ ထုပ်ပိုးမှုပုံစံ၊ နည်းပညာ၊ ပြည်ပတင်ပို့နိုင်မှု အခြေအနေတို့ကို နှိုင်းယှဉ်နိုင်ပြီး လိုအပ်ချက်များ ပြုပြင်နိုင်ရေး ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ကြောင်း၊ မည်သည့်လုပ်ငန်းပင်ဖြစ်စေ ယှဉ်ပြိုင်မှုရှိမှသာလျှင် တိုးတက်မှုရှိမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် မိမိတို့ ထုတ်ကုန်များအနေဖြင့် ထုတ်ကုန်အမျိုးအစားချင်း

> ❖ **MSME ထုတ်ကုန်များကို ပြည်တွင်းဈေးကွက်၌သာမက ပြည်ပသို့လည်း တင်ပို့နိုင်ရမည်ဖြစ်ပြီး ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ဈေးကွက်လိုအပ်ချက်များ၊ စာရွက်စာတမ်းဆိုင်ရာ လိုအပ်ချက်များ၊ နည်းစနစ်ဆိုင်ရာ လိုအပ်ချက်များကို လုပ်ငန်းရှင်များအနေဖြင့် သိရှိနားလည်မှသာ လုပ်ငန်းများ ပိုမိုအဆင်ပြေနိုင်မည်**
>
> ❖ **ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများ ပြုလုပ်ခြင်းမှ ပြည်နယ်နှင့်တိုင်းဒေသကြီး ထုတ်ကုန်များအနေဖြင့် သွင်းကုန်အစားထိုး ပြည်တွင်းဈေးကွက်အတွင်း ပြည်သူများသုံးစွဲနိုင်မည်ဖြစ်ပြီး ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် လိုအပ်သည့် နည်းစနစ်ပိုင်းနှင့် အချက်အလက်များ၊ အထောက်အထားပိုင်းများကို ဝန်ကြီးဌာနများနှင့် မည်သို့ချိတ်ဆက်၍ ဆောင်ရွက်ပေးနိုင်မည်ကို လုပ်ငန်းရှင်များအားလုံး သိရှိနိုင်ရန်ဖြစ်**

တူသော်လည်း အရည်အသွေး၊ အရသာ၊ ထုပ်ပိုးမှုပုံစံ နှိုင်းယှဉ်နိုင်မည်ဖြစ်ကာ ပြုပြင်စရာများကို ပြုပြင်နိုင်ရန်နှင့် တစ်နေရာတည်းတွင် နေရာအစုံမှ ပစ္စည်းအမျိုးအစားမျိုးစုံကို နှိုင်းယှဉ်နိုင်ခြင်း၊ လုပ်ငန်းရှင်များအချင်းချင်း အတွေ့အကြုံများကို မျှဝေနိုင်ခြင်းစသည့် ကောင်းမွန်သည့် အချက်အလက်များကို ချက်ချင်းရရှိနိုင်မည်ဖြစ်ကြောင်း။

### သိရှိနားလည်မှသာ လုပ်ငန်းများ ပိုမိုအဆင်ပြေနိုင်မည်

မိမိတို့ MSME ထုတ်ကုန်များကို ပြည်တွင်းဈေးကွက်၌သာမက ပြည်ပသို့လည်း တင်ပို့နိုင်ရမည်ဖြစ်ပြီး ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ဈေးကွက်လိုအပ်ချက်များ၊ စာရွက်စာတမ်းဆိုင်ရာ လိုအပ်ချက်များ၊ နည်းစနစ်ဆိုင်ရာလိုအပ်ချက်များကို လုပ်ငန်းရှင်များအနေဖြင့် သိရှိနားလည်မှသာ လုပ်ငန်းများ ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများ ပြုလုပ်ခြင်းမှ ပြည်နယ်နှင့်တိုင်းဒေသကြီး ထုတ်ကုန်များအနေဖြင့် သွင်းကုန်အစားထိုး ပြည်တွင်းဈေးကွက်အတွင်း ပြည်သူများ သုံးစွဲနိုင်မည်ဖြစ်ပြီး ပြည်ပသို့တင်ပို့နိုင်ရန်အတွက် လိုအပ်သည့် နည်းစနစ်ပိုင်းနှင့် အချက်အလက်များ၊ အထောက်အထားပိုင်းများကို ဝန်ကြီးဌာနများနှင့် မည်သို့ ချိတ်ဆက်၍ ဆောင်ရွက်ပေးနိုင်မည်ကို လုပ်ငန်းရှင်များအားလုံး သိရှိနိုင်ရန်ဖြစ်ကြောင်း ပြောကြားသည်။

### ဘဏ်များနှင့်လည်း ချိတ်ဆက်နိုင်ရန် ဆောင်ရွက်ပေးထား

ဆက်လက်ပြောကြားရာတွင် ဝန်ကြီးဌာနများအနေဖြင့် ယခင် MSME ပြပွဲများကဲ့သို့ မိမိထုတ်ကုန်ပစ္စည်းများကို ခင်းကျင်းပြသခြင်းမျိုးမဟုတ်ဘဲ မိမိဝန်ကြီးဌာနက MSME လုပ်ငန်းနှင့်ပတ်သက်၍ ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းစဉ်များ၊ သတင်းအချက်အလက်၊ နည်းပညာများကို လုပ်ငန်းရှင်များ သိရှိချိတ်ဆက် ဆောင်ရွက်နိုင်ရန် ယခုအစည်းအဝေးသို့ တက်ရောက်လာကြသည့် အေဂျင်စီဥက္ကဋ္ဌများက လုပ်ငန်းရှင်များကို ကြိုတင်အသိပေးထားစေလိုကြောင်း၊ ပြပွဲနှင့် ပြိုင်ပွဲတွင် စီးပွားရေးကို ဦးဆောင်ဦးရွက်ပြုနေသည့် အရပ်ဘက်စီးပွားရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၏ငွေကြေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ဘဏ်များနှင့်လည်း ချိတ်ဆက်နိုင်ရန် ဆောင်ရွက်ပေးထားကြောင်း၊ အဆိုပါအချက်အလက်များသည် နိုင်ငံတော်အကြီးအကဲ၏ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲအပါအဝင် တာဝန်ရှိသူများ သွားရောက်သည့် MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲများတွင် တင်ပြချက်များအနက် အဓိကအချက်မှာ ငွေကြေးအရင်းအနှီး၊ မြေနေရာနှင့် လျှပ်စစ်ဓာတ်အားရရှိရေးဖြစ်ကြောင်း၊ အရင်းအနှီးနှင့်စပ်လျဉ်း၍ MSME လုပ်ငန်းကော်မတီတွင် လုပ်ငန်းရှင်များ ချေးငွေရရှိရေးအတွက် အတတ်နိုင်ဆုံး ဖြေလျှော့မှုများ ဆောင်ရွက်ပေးထားကြောင်း၊ မြေနေရာရရှိရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများက ရသင့်ရထိုက်သည်များကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ MSME လုပ်ငန်းရှင်များ၏အဓိကတင်ပြချက်ဖြစ်သည့် လျှပ်စစ်ရရှိရေး

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ကိစ္စနှင့်စပ်လျဉ်း၍ တစ်နိုင်ငံလုံးအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ မဂ္ဂါဝပ် ၆၃၀၀ ကျော်ရှိကြောင်း၊ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်နေမှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ထုတ်လုပ်နိုင်မှုရပ်ဆိုင်းနေသည့် စက်ရုံများရှိကြောင်း၊ လျှပ်စစ်ဝန်ကြီးဌာနမှ ထုတ်လုပ်နိုင်သည့် ပမာဏပေါ်မူတည်၍ အလှည့်ကျရရှိရေးအတွက် အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါ လျှပ်စစ်ဓာတ်အားရရှိရေးကျော်လွှားနိုင်မည့် မိမိတို့စက်ရုံ၊ အလုပ်ရုံများကို အသိပညာပေးလိုသည်မှာ လက်ရှိ သီလဝါစက်မှုဇုန်၌ ကုမ္ပဏီခြောက်ခုမှ ဆိုလာစနစ်ဖြင့် ဓာတ်အားထုတ်လုပ်မှု ၄ ဒသမ ၉ မဂ္ဂါဝပ်ကျော် ထုတ်လုပ်သုံးစွဲလျက်ရှိကြောင်း၊ ထိုသို့ ထုတ်လုပ်နိုင်မှုကြောင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုတွင်ကျယ်လာကြောင်း၊ အဆိုပါဆောင်ရွက်မှုကို နမူနာယူပြီး အခြားကုမ္ပဏီများမှ လျှပ်စစ်ဓာတ်အား ၈ မဂ္ဂါဝပ်ကျော် ထုတ်လုပ်သုံးစွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် တစ်ပိုင်တစ်နိုင် မိမိလုပ်ငန်းအတွက် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲ၍ရသည့်အပြင် ပိုလျှံမှုအပေါ် နိုင်ငံအဆင့် မဟာဓာတ်အားလိုင်းသို့ ရောင်းချ၍ ရနေကြောင်း၊ ဆိုလာစနစ်ဆောင်ရွက်သည့်အတွက် ကုန်ကျမည့် ငွေပမာဏမှာ နှစ်အနည်းငယ်အတွင်း အရင်းကျေကာလသို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် မိမိတို့ ကာကွယ်ရေးဦးစီးချုပ်ရုံးအတွင်း ၂၀ မဂ္ဂါဝပ်ရှိ ဆိုလာဓာတ်အားပေးစနစ်ကို လွန်ခဲ့သည့် နှစ်နှစ်ခန့်မှ စတင်တည်ဆောက် အသုံးပြုခဲ့ရာ လာမည့် တစ်နှစ်ခွဲအတွင်း အရင်းကျေကာလ ပြည့်မြောက်ပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်မှုဇုန်များ၏ မြေလွတ်နေရာများနှင့် အခြားမြေလွတ်မြေရိုင်းနေရာများတွင် ဆိုလာစနစ်ဖြင့် တစ်ပိုင်တစ်နိုင် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ဆောင်ရွက်စေလိုကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် စက်မှုဇုန်များ၌ လျှပ်စစ်မီး မလုံလောက်သည့် စိန်ခေါ်မှုကို ကျော်လွှားနိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း သဘာဝဓာတ်ငွေ့၊ ဆိုလာလျှပ်စစ်အင်ဂျင်ပေါင်းစပ်သည့် Hybrid ဓာတ်အားမဂ္ဂါဝပ်ပေါင်း ၁၀၀၀ ကျော် ထုတ်လုပ်နိုင်ရေးအတွက် စီမံကိန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ရရှိသည့် လျှပ်စစ်ဓာတ်အားများကို တစ်နိုင်ငံလုံးဖြန့်ဝေခြင်းဖြစ်သည့်အတွက် အချိုးအစားအလိုက် ဓာတ်အားရရှိမည်ဖြစ်ပြီး လုပ်ငန်းရပ်များအလိုက် ကိုယ်ပိုင် Solar စနစ်ဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက လုပ်ငန်းများ ပိုမိုအဆင်ပြေမည်ဖြစ်၍ ဆွေးနွေးညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း။

### များစွာအထောက်အကူပြုနိုင်မည်

ထို့ကြောင့် ယခုတက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးမှ အေဂျင်စီဥက္ကဋ္ဌများအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဆိုလာစနစ်ဖြင့် ဓာတ်အားထုတ်လုပ်ပြီး MSME လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြစေရန် ရှင်းလင်းပြောကြားစေလိုကြောင်း၊ MSME လုပ်ငန်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်သည့်အတွက် ယခု ကျင်းပမည့်ပြပွဲနှင့် ပြိုင်ပွဲကို ခမ်းခမ်းနားနားဖြင့် ရည်မှန်းချက်ကြီးကြီးထား၍ ကျင်းပခြင်းဖြစ်ကြောင်း၊ MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှတစ်ဆင့် MSME လုပ်ငန်းများသည် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် ဒေသတစ်ခု ထုတ်ကုန်တစ်ခု ထုတ်လုပ်ပြီး ပြည်တွင်းသုံးစွဲရုံသာမက ပြည်ပသို့ တင်ပို့နိုင်သည့်အထိ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းကော်မတီ စတင်ဖွဲ့စည်းချိန်မှစ၍ ယနေ့ချိန်အထိ တိုးတက်မှုရှိသော်လည်း ပို့ကုန်အမယ်သစ်များ ပြည်ပသို့ တင်ပို့နိုင်ရန်နှင့် ပို့ကုန်တိုးမြှင့်နိုင်ရန် လိုကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအစီအစဉ်၊ ဝန်ကြီးဌာနများ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြခန်းများ၊ ပါဝင်ပြသကြမည့် ထုတ်ကုန်အမျိုးအစားများ၊ ပြိုင်ပွဲအမျိုးအစားများနှင့် ဆုချီးမြှင့်မည့် အစီအစဉ်များ ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်က ဆပ်ကော်မတီများဖွဲ့စည်းထားရှိမှုနှင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုံခြုံရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေး၊ နေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၊ မုခ်ဦးနှင့် ပြခန်းများ တည်ဆောက်ရေး ဆပ်ကော်မတီ၊ ပြခန်းနေရာချထားရေးနှင့် ခင်းကျင်းပြသရေး ဆပ်ကော်မတီ၊ ဖွင့်ပွဲအခမ်းအနား၊ ဆုချီးမြှင့်ရေးနှင့် ဖျော်ဖြေရေး ဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေး၊ ဆုရွေးချယ်ရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီ၊ လုပ်ငန်း/ စီးပွားချိတ်ဆက်မှု ဆပ်ကော်မတီ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဆပ်ကော်မတီ၊ လျှပ်စစ်မီးရရှိရေးဆပ်ကော်မတီ၊ သတင်းနှင့် ပြန်ကြားရေး ဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အေဂျင်စီဥက္ကဋ္ဌများက ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ပြခန်းများ ပြင်ဆင်ထားရှိမှု၊ ခင်းကျင်းပြသသွားမည့် ထုတ်ကုန်အမျိုးအစားများ၊ ရိုးရာအစားအစာဆိုင်ခန်းများတွင် ရောင်းချသွားမည့် ဒေသရိုးရာအစားအစာများနှင့် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

### လိုက်လံကြည့်ရှုအားပေး

အစည်းအဝေးအပြီးတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာ ရောင်းချဆိုင်ခန်းများ၊ လုပ်ငန်း/စီးပွားချိတ်ဆက်မှုများ (B2B)၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ အပြီးသတ်ဆောင်ရွက်နေမှုနှင့် ပြခန်းအလိုက် ခင်းကျင်းပြသရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်း သွားရောက်ကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၅

**နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းသားအရာရှိကြီးများအား မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့ညနေပိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၌ ကျင်းပပြုလုပ်ရာ စမ်းသပ်မဲပေးခြင်းဆောင်ရွက်နေမှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုနှင့် ကော်မရှင်အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုကြသည်။** (အောက်ပုံ)




ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦးက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အသုံးပြုဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများက စမ်းသပ်မဲပေးခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

### ရှင်းလင်းပြောကြား

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက MEVM မဲပေးစက် အသုံးပြုဆောင်ရွက်ရခြင်း၏ အားသာချက်များ၊ အကျိုးကျေးဇူးများနှင့် မြန်မာပညာရှင်များ တီထွင်ထုတ်လုပ်ထားသော MEVM စက်၏ အဆင့်မီဆောင်ရွက်နိုင်မှုများနှင့် ဆောင်ရွက်ရန်ရှိသည်များကို ရှင်းလင်းပြောကြားသည်။

### လက်တွေ့ဆန္ဒမဲပေး

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများ၊ သန္ဓေအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ပြင်ဦးလွင်မြို့နယ် အင်းယားကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အင်းယားကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်ခုနစ်ပါးနှင့် ဒေသခံပြည်သူ ၃၄၂ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၅) ကျင်းပ

## နေရောင်ခြည်ကောင်းစွာရသည့် တိုင်းဒေသကြီးများတွင် ဆိုလာစီမံကိန်းများ ဆောင်ရွက်ရန်နှင့် ကုန်ထုတ်လုပ်မှုတိုးမြှင့်နိုင်ရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးကူညီသွားရန်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၅) ကို ယနေ့နံနက်ပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၂၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနအကြီးအကဲများ တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌက ကုန်ထုတ်လုပ်မှုဗဟိုချက်ဖြစ်သည့် တိုင်းဒေသကြီးများတွင် အသား၊ ဥ ထုတ်လုပ်ရန်၊ နေရောင်ခြည်ကောင်းစွာရသည့် တိုင်းဒေသကြီးများတွင် ဆိုလာစီမံကိန်းများ ဆောင်ရွက်ရန်နှင့် ကုန်ထုတ်လုပ်မှုတိုးမြှင့်နိုင်ရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးကူညီသွားရန်ရှိကြောင်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ခြောက်ခုသို့ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ချေးငွေများ ထုတ်ချေးထားရှိမှု၊ ချေးငွေပြန်လည်ပေးဆပ်မှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်များကြောင့် ချေးငွေအရင်း၊ အတိုးဆိုင်းငံ့ပေးခဲ့မှုများ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးသွားသော မိုးစပါးစိုက်ဧရိယာများ အမြန်ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေထုတ်ချေးပေးခဲ့မှုအခြေအနေများကို သုံးသပ်မှတ်တမ်းတင်ရန်၊ ချေးငွေများထုတ်ချေးရာတွင် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးနိုင်ရေး၊ ချေးငွေစာရင်းဇယားများကို စနစ်တကျပြုစု၍ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များမှ ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီများက ကြပ်မတ်ဆောင်ရွက်ရေးနှင့် မှတ်တမ်းတင်ထားရှိနိုင်ရေး၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးတွေ့ရှိချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် တွေ့ကြုံရသည့်အခက်အခဲများကို ဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တက်ရောက်လာကြသူများက ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း နွေစပါးစီမံကိန်း၊ မိုးစပါးစီမံကိန်း၊ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း မိုးစပါးချေးငွေနှင့် မိုးမြေပဲသီးနှံချေးငွေထုတ်ချေးရေး စာချုပ်ချုပ်ဆိုဆောင်ရွက်နေမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မွေးမြူရေးချေးငွေများထုတ်ချေးနေမှုနှင့် စိုက်ပျိုးရေရရှိရေးစီမံကိန်း ဆောင်ရွက်နေမှု၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေထုတ်ချေးနိုင်မှုနှင့် ချေးငွေတိုးမြှင့်ထုတ်ချေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးက (၃/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ကော်မတီအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအချို့တို့မှ တင်ပြလာကြသော ချေးငွေသက်တမ်းတိုးမြှင့်ခွင့်ပြုရေး၊ စိုက်ပျိုးရေအတွက် စက်ရေတွင်းတူးဖော်ခြင်း၊ ရေတင်စက်တပ်ဆင်ခြင်းနှင့် ဆိုလာစနစ်တည်ဆောက်ခြင်းတို့အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ပြုရန် တင်ပြလာသည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် လက်တွဲပူးပေါင်းပြီး နိုင်ငံတော်မှထောက်ပံ့ပေးသော နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို အသုံးပြုကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် (၃) ရပ်ကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ကာယပညာနှင့် အားကစားနည်းပြ မွမ်းမံသင်တန်းအမှတ်စဉ်(၂) ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ ၂၀၂၅ ခုနှစ် ကာယပညာနှင့် အားကစားနည်းပြမွမ်းမံသင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လယ်ဝေးအားကစားလေ့ကျင့်ရေးစခန်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အားကစားအဖွဲ့ချုပ်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် သင်တန်းနည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ ပညာရေးစနစ်ပါ ကာယပညာသင်ကြားရေးလုပ်ငန်းကို ကျွမ်းကျင်စွာသင်ကြားနိုင်စေရေး၊ ကျောင်းသားအားကစားလုပ်ငန်းများကို စနစ်တကျ စီစဉ်ဆောင်ရွက်နိုင်သည့် အရည်အသွေးပြည့်ဝသော ကာယပညာဆရာ ဆရာမများအဖြစ် နိုင်ငံတော်အတွက် အားထားရမည့် မျိုးဆက်သစ် ကျောင်းသားအားကစားသမားများ မွေးထုတ်ပေးနိုင်ပြီး KG+12 ကာယပညာသင်ရိုးကို ပေါက်မြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် မွမ်းမံသင်တန်းဖြစ်သည်နှင့် အညီ သက်ဆိုင်ရာအားကစားနည်းအလိုက် အမှန်တကယ် အသုံးပြုနိုင်မည့် နည်းပြများ ပေါ်ထွန်းလာပြီး အခြေခံပညာကျောင်းသား အားကစားပြိုင်ပွဲများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန၏ အားကစားပြိုင်ပွဲများတွင် ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်သည့် ဒိုင်လူကြီးများလည်း ပေါ်ထွန်းလာမည် ဖြစ်သည့်အတွက် ဒိုင်သင်ခန်းစာများကိုလည်း ထည့်သွင်းပို့ချသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ၂၀၂၅ ခုနှစ် ကာယပညာနှင့် အားကစားနည်းပြ မွမ်းမံသင်တန်းအမှတ်စဉ် (၂) ကို ဖွင့်လှစ်ပေးကာ သင်တန်းသား သင်တန်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ **(အောက်ဝဲပုံ)**

ယနေ့ဖွင့်လှစ်သည့်သင်တန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား သင်တန်းသူ ၃၁၀၊ သင်တန်းနည်းပြ ၄၀ စုစုပေါင်း ၃၅၀ တို့ဖြင့် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် သင်ကြားနိုင်မည့် ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်အားကစားနည်း ခုနစ်နည်းကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၁၅ ရက်အထိ အားကစား လေ့ကျင့်ရေးစခန်း (လယ်ဝေး) ၌ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သူနာပြု တက္ကသိုလ်(ရန်ကုန်) 31st Batch သူနာပြုသိပ္ပံဘွဲ့ပုံမှန် အမျိုးသားသူနာပြုဝတ်စုံနှင့် အမျိုးသမီးသူနာပြု ဦးဆောင်းအပ်နှင်းပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၅**

သူနာပြု တက္ကသိုလ်(ရန်ကုန်) 31st Batch သူနာပြုသိပ္ပံဘွဲ့ပုံမှန် အမျိုးသားသူနာပြုဝတ်စုံနှင့် အမျိုးသမီးသူနာပြု ဦးဆောင်းအပ်နှင်းပွဲကို ယနေ့နံနက်ပိုင်းက သူနာပြုတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပသည်။

ဦးစွာ သူနာပြုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာတင်တင်ကျော်က အမှာစကားပြောကြားသည်။ ဆက်လက်၍ သူနာပြုတက္ကသိုလ် (ရန်ကုန်)ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက 31st Batch သူနာပြုသိပ္ပံဘွဲ့ပုံမှန် အမျိုးသားသူနာပြုဝတ်စုံနှင့် အမျိုးသမီးသူနာပြု ဦးဆောင်းများ အပ်နှင်းသည်။ **(ယာပုံ)**




အခမ်းအနားသို့ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီမှ တာဝန်ရှိသူများ၊ သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီးများမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ သူနာပြုသင်တန်းကျောင်းများမှ တာဝန်ရှိသူများ၊ သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ မော်ကွန်းထိန်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကျော်ဆန်းမြင့်(ပြန်/ဆက်)**

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာများနှင့်အတူ

# ကမ္ဘာကို လှုပ်ခတ်သော ရွေးကောက်ပွဲ ကတိများ

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် သမ္မတဒေါ်နယ်ထရမ့်သည် ၄၇ ဦးမြောက် အမေရိကန်နိုင်ငံသမ္မတအဖြစ် ဒုတိယအကြိမ်ဖြစ်ခဲ့ပါပြီ။ ၂၀၂၁ ခုနှစ် သမ္မတဘိုင်ဒင် စတက်ကတည်းက အုတ်အော်သောင်းတင်း ကက်ပီတယ်စီးနင်းမှုမှာ ထရမ့်ပါဝင်မှုမကင်းဆိုသည့် စွပ်စွဲချက်များနှင့်အတူ ထရမ့်နှင့်ဘိုင်ဒင်၊ ရီပတ်ဘလီကန်နှင့် ဒီမိုကရက်တို့၏ ပြိုင်ဆိုင်မှုများက တောက်လျှောက်ပြင်းထန်နေခဲ့ရာ ယခုရွေးကောက်ပွဲမတိုင်မီ ထရမ့်လုပ်ကြံခံရမှုနှင့်အတူ ဆိုးဆိုးရွားရွား အဖြစ်အပျက်များ၊ ခါးသီးနာကြည်းမှုများ ထင်ဟပ်နေသည့် အမေရိကန်နိုင်ငံရေးနှင့် ထရမ့်၏ ပြည်တွင်း ပြည်ပမူဝါဒ ရပ်တည်ချက်များကား တစ်ကမ္ဘာလုံးကို စိတ်ဝင်စားဖွယ်ရာ ဖြစ်စေခဲ့သည်။

မြင့်မြတ်

- ကိုယ့်နိုင်ငံ၊ ကိုယ့်အကျိုးစီးပွားသက်သက် ကိုယ်ရကိုယ်ယူ၊ သူရသူယူ ကျန်နိုင်ငံများပါ အတူယူမှားကြလျှင် ကမ္ဘာကြီးအတွက် မကောင်းလှပါ။ အကျိုးစီးပွားအခြေခံဖြင့် အမျိုးသားရေးတစ်ဖက်စွန်းရောက်ပြီး နယ်ချဲ့ဝါဒကို ပုံစံတစ်မျိုးဖြင့် မဆင်မခြင်သွတ်သွင်းလာလျှင်မူ ဒုတိယ ကမ္ဘာစစ်မျိုးစေ့ ဟစ်တလာတို့၏ ဖက်ဆစ်နယ်ချဲ့ စနစ်မျိုးဆီ ပြန်လည်ရောက်ရှိသွားနိုင်ခြေကို သတိထားရမည်
- ယခင်ကာလများက နိုင်ငံရေး၊ စီးပွားရေးအရ ဝင်ရောက်စွက်ဖက် နယ်ချဲ့ကြရာမှ ယခုကာလများတွင် လက်နက်အားကိုး၍ မသိမသာ နယ်ချဲ့လာပုံများကို သတိပြု၍ မိမိတို့ အင်အားကို တောင့်တင်းခိုင်မာရန်သာ ဆက်လက်ကြိုးပမ်းကြရမည်

အမေရိကန်နိုင်ငံနှင့် ကမ္ဘာကြီးအတွက် ငြိမ်းချမ်းရေး ယူဆောင်ပေးမည်ဟု ဆိုနေသော်လည်း လက်တွေ့တွင် လောင်စာသဖွယ် တစ်ကမ္ဘာလုံးနှင့် ထိပ်တိုက်တွေ့ရမည့်အခြေအနေဆီ တွန်းပို့နေသည့် သမ္မတထရမ့်၏ ရွေးကောက်ပွဲ ကတိစကားများ နောက်ဆက်တွဲမှာ ဘာတွေဖြစ်လာနေ၍ ဘာတွေ ဖြစ်လာနိုင်ပါသလဲ...။

### MAGA နှင့်အတူ အမေရိကန်တို့၏မျှော်လင့်ချက်

ထရမ့်၏ ကိုယ်ရည်ကိုယ်သွေးတွင် ပွင့်ပွင့်လင်းလင်း ဖြောင့်ဖြောင့်တန်းတန်းပြောတတ်ခြင်းက နောင်တွင် အကောင်းရော အဆိုးပါ ဒွန်တွဲလာနိုင်သည်။ သဘောတရားထက် လက်တွေ့ပိုဆန်ပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကြီးမားနေပုံရသည်။

အာဃာတတရားကြီးမားပုံရပြီး သူ၏ရပ်တည်ချက်တချို့ကြောင့် အရာရာသည်းမခံနိုင်သူ တစ်ယောက်အလား သူ့အပေါ်မြင်မိသည်။ အမျိုးသားရေးဘက် ပိုအားသန်ပုံက အားကျစရာ ဖြစ်ရသည်။ ထရမ့်ကျမ်းသစ္စာကျိန်ဆိုပွဲတွင် ဥရောပမှ လက်ျာစွန်းအတိုက်အခံနိုင်ငံရေးသမားများကို အလေးထားဖိတ်ကြားခဲ့သည်ကို ကြည့်၍ လက်ရှိဥရောပခေါင်းဆောင်များအပေါ် ထရမ့်၏ သဘောထားအချို့ကို ခန့်မှန်း၍ ရနိုင်ပါမည်။ နိုင်ငံရေးထက် စီးပွားရေးကို ပိုအလေးထားသည်ဆိုသော်လည်း သူခန့်ထားသည့် အုပ်ချုပ်ရေးအဖွဲ့ဝင်များကိုကြည့်လျှင် သူ၏နိုင်ငံရေးဇကို လျှော့တွက်၍မရ။

မလုပ် မရှုပ် မပြုတ် အစိုးရဝန်ထမ်းတချို့ကို ဖြုတ်ပစ်မည်ဟူသောသဘောထားက သူ၏အုပ်ချုပ်ရေးအမြင်ကို ခန့်မှန်းရခက်စေသည်။ ထို့ပြင် ထရမ့်သည် လုံခြုံရေးဆိုင်ရာကိစ္စများတွင် အများနှင့်မတူဘဲ ဆန့်ကျင်ဘက်ကို အပြင်းထန်ဆုံးဖိအားပေးပြီး အထိရောက်ဆုံး အင်အားသုံးဖြေရှင်းတတ်သူတစ်ဦး ဖြစ်မည်ဟုလည်း ယူဆနိုင်သည်။

အရာရာအားလုံးတွင် **“Make America Great Again”** ဟူသည့် ရွေးကောက်ပွဲ campaign နှင့်အတူ MAGA တို့၏ ခေါင်းကိုင်ဖခင်ကြီး ထရမ့်က အမေရိကန်သာ ပထမဖြစ်ရမည်ဟုဆိုလေရာ အမေရိကန်လူငယ်အများစုအတွက် သည်းခြေကြိုက်ဖြစ်နိုင်သော်လည်း အမေရိကန်အချုပ်အခြာကို ထိန်းသိမ်းခဲ့သူ လူကြီးများနှင့် ကမ္ဘာ့နိုင်ငံအချို့အတွက်တော့ နားခါးဖွယ် ထိတ်လန့်ဖွယ်များဖြစ်မှာမလွဲဟု ယူဆပါသည်။ ဆုတ်ယုတ်ကျဆင်းနေသည့် အမေရိကန်ကို ပြန်လည်ကယ်တင်ပြီး အမေရိကန်ရွှေခေတ် Golden Age of America ကို ပြန်လည်ထူထောင်မည့်သမ္မတကြီး၏ ကတိစကားများသည် အမေရိကန်လူငယ်များအတွက်တော့ မျှော်လင့်ချက်များ ဖြစ်နိုင်သည်။

### မဟာမိတ်များနှင့်ရော ပြိုင်ဘက်နှင့်ပါ ရန်ဘက်သဖွယ်ဖြစ်လာနေသည့် သဘောထားများ

ဒေါ်နယ်ထရမ့်၏ နိုင်ငံခြားတိုင်းပြည်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လိုမှုသဘောထားကိုလေ့လာလျှင် သူသည် အဖွဲ့စုံနိုင်ငံစုံ Multi-lateral သဘောတူညီချက်ပုံစံများကို နှစ်သက်ပုံမရဘဲ တစ်နိုင်ငံချင်းအလိုက် Unilateral သဘောတူညီချက်မျိုးကိုသာ ပိုကြိုက်ပုံရသည်။ လတ်တလောလုပ်ဆောင်ချက်များကိုကြည့်လျှင် အမေရိကန်၏ နိုင်ငံခြားအကူအညီပေးရေး အစီအစဉ်အားလုံး ရက် ၉၀ ဆိုင်းငံ့လိုက်သည်ကို တွေ့ရသည်။ WHO မှ နုတ်ထွက်လိုက်ပြီး ရာသီဥတုဆိုင်ရာ ပါရီသဘောတူညီချက်များမှလည်း နုတ်ထွက်တော့မည်ဖြစ်သည်။ NATO အုပ်စုအား အမေရိကန်က အဓိကတာဝန်ယူနေရမှုအပေါ် ကျန်နိုင်ငံများကပါ ခွဲဝေတာဝန်ယူကြရန် ဖိအားပေးခြင်းကြောင့် နောင်တွင် အမေရိကန်မပါသည့် NATO ပုံစံကို မြင်တွေ့ရဖွယ်ရှိနေသည်။ အမေရိကန်နိုင်ငံခြားရေးမူဝါဒနှင့် ကိုက်ညီခြင်းရှိ/မရှိ၊ အမေရိကန်အကျိုးစီးပွားနှင့် ကိုက်ညီခြင်းရှိ/မရှိ အထူးသဖြင့် သူတန်ဖိုးထားသည့် အမေရိကန်တန်ဖိုးများနှင့် ဆန့်ကျင်မှုရှိ/မရှိ ပြန်လည်သုံးသပ်မည်ဖြစ်ပြီး ဆီလျော်လျှင် ဆက်လုပ်မည်၊ မဆီလျော်လျှင် လမ်းသစ်ဖောက်မည့် သဘောများ တွေ့မြင်ရသည်။

ထိုကဲ့သို့ သဘောထားများကြောင့် မဟာမိတ်ခေါင်းဆောင်များနှင့်လည်း ရန်ဘက်သဖွယ်ဖြစ်လာနေသည်။ ရွေးကောက်ပွဲမတိုင်ခင်က ဒီမိုကရက်တစ်ပါတီကို ကူညီအားပေးခဲ့ပြီး ထရမ့်အား ပုတ်ခတ်စော်ကားခဲ့သော အင်္ဂလန်နိုင်ငံ ဝန်ကြီးချုပ် စတားမားကို ပြုတ်ကျသွားအောင်လုပ်မည်ဟု ကြိမ်းဝါးချက်က အစဉ်အလာမဟာမိတ်များအဖြစ်မှ သွေဖည်စေမည်ဖြစ်သည်။ နောက်ထပ် Issue တစ်ခုက ၁၈၈၀ ပြည့်နှစ်တွင် ပြင်သစ်နှင့်ပေါင်းပြီး အမေရိကန်တို့ဖောက်လုပ်ခဲ့သည့် ပနားမားတူးမြောင်းအရေးဖြစ်သည်။ တူးမြောင်းဖောက်ရာတွင် အမေရိကန်လူမျိုးအသက်ပေါင်းများစွာ စတေးခဲ့ရသည်ဟုဆိုသည်။ တူးမြောင်းကို သမ္မတဂျင်မီကာတာက ၁၉၉၉ ခုနှစ်တွင် လက်ဆောင်အဖြစ်ပေးခဲ့သည့်အတွက် ပနားမားထိန်းချုပ်မှုအောက်ရောက်သွားသည့် ထိုတူးမြောင်းကို ထရမ့်က ပြန်လိုချင်နေခြင်းဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ ပင်လယ်ရေကြောင်းကုန်သွယ်မှု၏ ၂ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး နှစ်စဉ် ကုန်တင်သင်္ဘော ၁၄၀၀၀ ခန့် ဖြတ်နေသည့် ပနားမားတူးမြောင်းကို တရုတ်က လုံးဝထိန်းချုပ်ထားသည်ဟုယူဆ၍ ထရမ့်က မခံမရပ်နိုင်ဖြစ်နေပုံရသည်။

နိုင်ငံခြားတိုင်းပြည်များနှင့် အဖွဲ့အစည်းများအပေါ် ထရမ့်၏မူဝါဒသဘောထားကိုလေ့လာကြည့်က အမေရိကန်ကို တရုတ်နိုင်ငံက စီးပွားရေးအရ မဟာဗျူဟာကျကျ ခြိမ်းခြောက်နေသည်ဟု အမြင်ရှိသည်။ ကနေဒါနှင့် ကုန်သွယ်ရာမှာ မျှတမှုမရှိ၊ သူ့ဘက်ကနစ်နာသည်ဟု ထရမ့်ကမြင်နေသည်။ အာတိတ်ဒေသရှိ ဒိန်းမတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဂရင်းလန်ကျွန်းကို ၂၀၁၉ ခုနှစ်က အမေရိကန်က ဝယ်ယူရန်ကြိုးစားခဲ့ဖူးရာ ဒိန်းမတ်ဘက်က ငြင်းပယ်ခဲ့ဖူးသည်။ ရောင်းရန်မဟုတ်ဟု တုံ့ပြန်ထားသည့် ထိုကျွန်းကို စီးပွားရေးကာကွယ်ရေးမဟာဗျူဟာအမြင်ဖြင့် ထရမ့်က ပိုင်ဆိုင်ချင်နေခြင်းဖြစ်သည်။ မက္ကဆီကိုနိုင်ငံက မူးယစ်ရာဇဂိုဏ်းများအပေါ် စစ်ဆင်ရေးပြုလုပ်သွားမည့်အရေးက မက္ကဆီကို၏ အချုပ်အခြာကို ထိပါးရာရောက်နိုင်သလား မေးခွန်းထုတ်စရာဖြစ်နေသည်။ အရှေ့အလယ်ပိုင်းအရေးတွင် အစ္စရေးဘက်မှ ပြတ်ပြတ်သားသားရပ်တည်ပြထားသည့် ထရမ့်အတွက်တော့ အီရန်သည် အမေရိကန်၏အမြဲတမ်းရန်သူဖြစ်နေပြီး ထို့ကြောင့်လည်း အစ္စရေး - အီရန်စစ်ဖြစ်မည့်အလားအလာက ရတက်မအေးစရာဖြစ်လာသည်။

### ငြိမ်းချမ်းရေးကို ဆောင်ယူမည်ဟုဆိုသော်လည်း

သို့သော် သမ္မတထရမ့်သည် ငြိမ်းချမ်းရေးလိုလားသူအဖြစ် ကြွေးကြော်ထားပြန်ရာ တကယ်တမ်း ငြိမ်းချမ်းရေးဆောင်ကြဉ်းသူအဖြစ် သက်သေပြနိုင်မည်ဟု ယုံကြည်သူများလည်းရှိနေပြန်သည်။ အခြားသောသမ္မတများနှင့်မတူ ပထမအကြိမ်သမ္မတသက်တမ်းအတွင်း ထရမ့်ကြောင့် စစ်ပွဲများဖြစ်ပွားမှုမရှိခဲ့သည့် အထောက်အထားအရ ဖြစ်နိုင်ပါသည်။ ငြိမ်းချမ်းရေးသမားဖြစ်သော်လည်း ယခုသက်တမ်းအတွင်း နိုင်ငံခြားတိုင်းပြည်အချို့နှင့် ထိပ်တိုက်တွေ့နိုင်ဖွယ်ရာများကား ရှိနေသည်။

တစ်ဦးနှင့် တစ်ဦးအကြား မဟာမိတ်များဖြစ်သော်လည်း ယုံကြည်မှုများ၊ နားလည်မှုများ လွဲမှားနိုင်၍ဖြစ်ပါသည်။ အထူးသဖြင့် တရုတ်နိုင်ငံနှင့် ထရမ့်၊ တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံ ထိပ်တိုက်တွေ့လာနိုင်သည်။ စီးပွားရေး၊ စစ်ရေး အပြန်အလှန်ဖိအားပေးမှုများ ရှိလာနိုင်သည်။ များသောအားဖြင့် ထရမ့်၏မူဝါဒများသည် အမေရိကန်အကျိုးစီးပွား၊ အမေရိကန် First ဦးစားပေးမူဝါဒကို အခြေခံထားသည့်အတွက် အချို့သောလုပ်ဆောင်ချက်များတွင် အစွန်းရောက်မှုများရှိလာနိုင်ပါသည်။ မိမိကပို၍ နစ်နာသည်ဟုထင်နေသည့် ကိစ္စရပ်များအတွက် တန်းတူအခွင့်အရေးဟူ၍ အလွန်အမင်း ရှေ့တန်းတင်လာကြလျှင် အကျိုးစီးပွားချင်း ပဋိပက္ခများဖြစ်ပြီး ထိပ်တိုက်ရင်ဆိုင်မှုများ ရှိလာနိုင်သည်ကို မြင်ထားရမည် ဖြစ်ပါသည်။

### ဘာတွေကိုဆင်ခြင်ကြည့်၍ ရနိုင်ပါသလဲ

ဘယ်အရာကို လုပ်လုပ်၊ ဘာကိုပင်စဉ်းစားစဉ်းစား အရာရာကို အနိုင်ယူလိုခြင်း၊ ကိုယ်သာပထမဖြစ်လိုခြင်းများသည် စိတ်ပိုင်းဆိုင်ရာအနေအထားများအရ များသောအားဖြင့် အတ္တကြီးသူအဖြစ် သမုတ်ခံရနိုင်သည်ကို ဆင်ခြင်ကြည့်ရန်ဖြစ်ပါသည်။ ပြိုင်ဘက်ကို အင်အားသုံး၍ အလဲလဲအကွဲကွဲပြိုကွဲအောင် အနိုင်ယူခြင်းမျိုးသည် အားလုံးအတွက် အနုတ်လက္ခဏာများသာ ဖြစ်လာနိုင်ပါသည်။ လောဘနှင့် ဒေါသကို ရှေ့တန်းတင်လွန်းလျှင် အများနှင့်တစ်ယောက် ဖြစ်သွားတတ်သည်ကို သတိပြုသင့်သည်။

ကမ္ဘာကြီးမက စကြဝဠာအထိ အလွန်အမင်း ပိုင်စိုးချင်သူများအတွက် ဆန့်ကျင်ဘက်ရန်သူသာ တိုးလာပြီး အထီးကျန်ဆန်လာနိုင်သည်ကို သတိထားရန်လိုပါမည်။ ယနေ့ခေတ်အနေအထားအရ အပြိုင်အဆိုင်များလွန်း၍ အားလုံးကိုရချင်လွန်း၍သာ ပဋိပက္ခများတန်းစီနေခြင်းဖြစ်သည်။ မျှတမှု၊ တန်းတူညီမှုအပေါ်အခြေခံပြီး မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းကြောင်းသည်သာ အသင့်တော်ဆုံးဖြစ်ပါမည်။ တစ်ဦးနှင့်တစ်ဦးအကြား နားလည်မှုနှင့် ယုံကြည်မှုကို တည်ဆောက်ခြင်းဖြင့် တန်းတူညီမျှမျှတမှုကိုဖြစ်စေခြင်းသည် အကောင်းဆုံးဖြစ်သည်။ ထို့ကြောင့် သမ္မတထရမ့်အနေဖြင့် တရုတ်၊ ရုရှား၊ အိန္ဒိယ၊ နေတိုး၊ အီးယူ၊ ဂျီဆဲဗင်းအဖွဲ့များကဲ့သို့ ချမ်းသာဆင်းရဲမရွေး ကမ္ဘာ့ခေါင်းဆောင်များကြား ပုံမှန်ဆက်ဆံရေးကောင်းများ တည်ဆောက်နိုင်သည်ကိုသာ အားလုံးက မြင်လိုကြမည်ဖြစ်သည်။ သို့မှသာ ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းပြီး အပြန်အလှန်ထိန်းညှိမှုရှိကာ အကျိုးစီးပွားများလည်း သဟဇာတဖြစ်လာမည်ဟု ယုံကြည်ထားပါသည်။

*စာမျက်နှာ ၇ သို့*

# မြန်မာနိုင်ငံမှ "မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့"ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းရာတွင် ဘက်စုံထောင့်စုံ ပြည့်ပြည့်စုံစုံဖြင့် ဟာကွက်မရှိအောင် ရေးသားပြုစုပြီး တင်သွင်းသွားရမည်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

"မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့" (Practice of Thanakha Culture in Myanmar) နှင့် ပတ်သက်ပြီး ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းမည့် အချက်အလက်များနှင့်စပ်လျဉ်း၍ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ပညာရှင်အဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ Virtual Online System ဖြင့် ကျင်းပသည်။ **(ယာပုံ)**



**တက်ရောက်**

အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖိ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်၊ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စိစစ်ရေး ပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ရန်ကုန်၊ မန္တလေးတို့မှ တာဝန်ရှိသူများနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာ ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ **"မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့"** (Practice of Thanakha Culture in Myanmar) ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းရာတွင် ဘက်စုံထောင့်စုံ ပြည့်ပြည့်စုံစုံဖြင့် ဟာကွက်မရှိအောင် ရေးသားပြုစုပြီး တင်သွင်းသွားရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ နှစ်သက်ခုံမင်စွာဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက အစဉ်အဆက် သုံးစွဲလာခဲ့သည့် မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို ၂၀၂၅ ခုနှစ်တွင် UNESCO တင်သွင်းမည်ဖြစ်ကြောင်း၊ မြန်မာတိုင်းရင်းသားများ သာမက မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် အခြားလူမျိုးများပါ သနပ်ခါးကို နှစ်ခြိုက်စွာ အသုံးပြုကြပါကြောင်း၊ နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းသည့် အနေဖြင့် နိုင်ငံတော်အစိုးရကလည်း နှစ်စဉ်တပို့တွဲလပြည့်နေ့ကို **"မြန်မာ့သနပ်ခါးနေ့"**အဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ ထို့ကြောင့် ၂၀၂၅ ခုနှစ် မတ် ၃၁ ရက် မတိုင်မီ ယူနက်စကိုအဖွဲ့သို့ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းမည့် **"မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့"** (Practice of Thanakha Culture in Myanmar)ကိုလည်း မြန်မာ့ရိုးရာ အတာသင်္ကြန်ကဲ့သို့ အောင်မြင်စွာဖြင့် တင်သွင်းနိုင်ရေး လစ်ဟာမှုမရှိရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖိက **"မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့"** (Practice of Thanakha Culture in Myanmar)ကို အောင်မြင်စွာဖြင့် အသိအမှတ်ပြုတင်သွင်းနိုင်ရန် လိုအပ်သည့်အချက်အလက်များကို အကြံပြုပေးကြရန် ယခုအစည်းအဝေးကို ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ အတွင်းရေးမှူးနှင့် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ပညာရှင်အဖွဲ့အတွင်းရေးမှူးတို့က မြန်မာ့သနပ်ခါး၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းကို UNESCO သို့ တင်သွင်းရန် ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပညာရှင် အဖွဲ့ဝင်များက မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့အား UNESCO ICH တင်သွင်းခြင်းနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာတိုးလှနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်တို့က **"မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့"** (Practice of Thanakha Culture in Myanmar)နှင့် ပတ်သက်၍ သက်ဆိုင်သည့် အချက်အလက်များကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးစိုးကြည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Arnaud de Bae-cque အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ICRC တို့အကြား မိုင်းအန္တရာယ် ဂရုပြုရေးနှင့် ဘေးကင်းရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေး၊ ယင်းလုပ်ငန်းနယ်ပယ်ရှိဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ပေးရေး၊ ပဋိပက္ခကြောင့် ထိခိုက်ခံစားရသူများအား အကူအညီပေးနိုင်ရေး ကိစ္စများ၊ မိုင်းဒဏ်သင့်ပြည်သူများအတွက် ပြန်လည် ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များကို နှစ်ဦးနှစ်ဖက် ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်ဆိုင်ရာ အရာထမ်းများနှင့် ICRC ရုံးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကျိုင်းတုံမြို့၌ ဆေးရုံအခြေပြု ကိုဗစ်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ



**ကျိုင်းတုံ ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံပြည်သူ့ဆေးရုံကြီး၌ ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအား ဆေးရုံအခြေပြု ကိုဗစ်ကာကွယ်ဆေး (Pfizer XBB 1.5) ထိုးနှံပေးခြင်းကို ကျန်းမာရေးဝန်ထမ်းများက ယနေ့ ဆောင်ရွက်ပေးလျက်ရှိသည်။ **(ဝဲပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် Pfizer အမျိုးအစား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရန်အတွက် နောက်ဆုံးအကြိမ် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလ အနည်းဆုံးခြောက်လရှိပြီး သတ်မှတ်ချက်နှင့် ကိုက်ညီသည့် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်/စစ်ဆေးမှုများ ပြုလုပ်၍ ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်ကာကွယ်ဆေးထိုးနှံဆောင်ရွက်ပေးလျက်ရှိရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

*စာမျက်နှာ ၆ မှ*

ဘာပဲပြောပြော အမေရိကန်တို့၏ ဒီမိုကရေစီနိုင်ငံရေးသမိုင်းမှာ နောက်ပိုင်း တစ်ဖက်နှင့်တစ်ဖက် ပွဲကြမ်းလာကြသည်ကို သတိထားမိလာသည်။ အဓိကအကြောင်းရင်းက အမေရိကန်ခေါင်းဆောင်ပိုင်းတွင် အမုန်းအာဃာတများ ကြီးမားလာခြင်းနှင့် ကိုယ်ကျိုးအတ္တအမှုများစွာကြောင့် ဖြစ်သည်။

ဒီမိုကရေစီနိုင်ငံရေးတွင် အာဃာတနှင့် အတ္တများလာလျှင် ထိုနိုင်ငံ၏နိုင်ငံရေးစနစ်မှာလည်း ဆုတ်ယုတ်တိမ်းပါးသွားတတ်သည်ကို သတိထားရန်လိုမည်ထင်သည်။ ဒီမိုကရေစီအပေါ် လူသားများယုံကြည်မှုနည်းလာခြင်းမှာ ဒီမိုကရေစီတန်ဖိုးများ ကျဆင်းလာခြင်းကြောင့် ဖြစ်သည်။ ယနေ့ကမ္ဘာ့ပြည်သူများသည် နိုင်ငံတစ်နိုင်ငံတည်းက ကြီးစိုးလိုမှု၊ လက်ဝါးကြီးအုပ်လိုမှုကို မနှစ်သက်ကြတော့ပါ။

ဒီခေတ် ဒီလိုအခြေအနေတွင် အင်အားကြီးနိုင်ငံများအနေဖြင့် ခေတ်သစ်ကိုလိုနီအင်ပါယာ ထူထောင်လိုသည့် စိတ်ကြီးမျိုးလည်း မထားသင့်တော့ပါ။ ကမ္ဘာကြီးဆီ ငြိမ်းချမ်းရေးယူဆောင်ပေးမည်ဟူသော (ကမ္ဘာ့အဆင့်တစ်) အမေရိကန်နိုင်ငံကငြိမ်းချမ်းရေးအတွက် စံပြမော်ဒယ်တစ်ခုဖြစ်ခဲ့လျှင် ကမ္ဘာကြီးအတွက် အလွန်ကောင်းသွားမည် ဖြစ်သည်။

သို့သော် ကိုယ့်နိုင်ငံ၊ ကိုယ့်အကျိုးစီးပွားသက်သက် ကိုယ်ရကိုယ်ယူ၊ သူရသူယူ ကျန်နိုင်ငံများပါ အတုယူမှားကြလျှင် ကမ္ဘာကြီးအတွက် မကောင်းလှပါ။ အကျိုးစီးပွားအခြေခံဖြင့် အမျိုးသားရေးတစ်ဖက်စွန်းရောက်ပြီး နယ်ချဲ့ဝါဒကို ပုံစံတစ်မျိုးဖြင့် မဆင်မခြင်သွတ်သွင်းလာလျှင်မူ ဒုတိယကမ္ဘာစစ်မျိုးစေ့ ဟစ်တလာတို့၏ ဖက်ဆစ်နယ်ချဲ့စနစ်မျိုးဆီ ပြန်လည်ရောက်ရှိသွားနိုင်ခြေကို သတိထားရမည် ဖြစ်သည်။ ယခင်ကာလများက နိုင်ငံရေး၊ စီးပွားရေးအရ ဝင်ရောက်စွက်ဖက် နယ်ချဲ့ကြရာမှ ယခုကာလများတွင် လက်နက်အားကိုး၍ မသိမသာနယ်ချဲ့လာပုံများကို သတိပြု၍ မိမိတို့အင်အားကို တောင့်တင်းခိုင်မာရန်သာ ဆက်လက်ကြိုးပမ်းကြရမည် ဖြစ်သည်။

အရာရာပိုင်စိုးလိုသည့် လက္ခဏာများ၊ အင်အားကြီးဖြစ်လိုသည့် သဘောတရားများသည် ဒီမိုကရေစီ၏အနှစ်ဖြစ်သည့် မျှတမှုနှင့် ငြိမ်းချမ်းခြင်း၏ ဆန့်ကျင်ဘက်လားရာသို့ ရှေးရှုနေခဲ့လျှင်... ။ ။

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် အားကစားနည်းအလိုက် အားကစားအဖွဲ့များ၏လေ့ကျင့်နေမှု လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၅**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် နေပြည်တော်၌ စခန်းဝင် လေ့ကျင့်လျက်ရှိသည့် အားကစား လေ့ကျင့်ရေးစခန်း (Gold Camp)နှင့် လူငယ်အားကစား လေ့ကျင့်ရေးစခန်း (Youth Camp)တို့မှ အားကစားနည်းအလိုက် အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း အားကစားနည်းများအလိုက် သက်ဆိုင်ရာ အားကစားကွင်း/ အားကစားရုံများတွင် လေ့ကျင့်လျက်ရှိသည့် ပြေးခုန်ပစ်၊ အလေးမ၊ ဝူရှူး၊ လက်ဝှေ့၊ ဘိလိယက်၊ ပိုက်ကျော်ခြင်း၊ မြားပစ် အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများကိုလည်းကောင်း၊ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)၊ Cluster–3 ရှိ ဂျူဒိုအားကစားလေ့ကျင့်ရေးခန်းမ၌ ဂျူဒိုအားကစားသမားများ၏ ခန္ဓာကိုယ်ကြံ့ခိုင်မှုအတွက် လေ့ကျင့်နေမှုကိုလည်းကောင်း၊ Gym & Fitness Center တွင် ဘော်လီဘော အားကစားသမားများ၏ လေ့ကျင့်နေမှုများနှင့် Gym လေ့ကျင့်ရေး စက်ပစ္စည်းများ ပြင်ဆင်ထားရှိမှုကိုလည်းကောင်း၊ ပီတန်းအားကစားလေ့ကျင့်ရေးကွင်း၌ ပီတန်းအားကစားသမားများ၏ လေ့ကျင့်နေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ယခင်အောင်မြင်မှုရရှိခဲ့သည့် အားကစားသမားများ၏ ကြိုးစားလေ့ကျင့်ခဲ့မှုနှင့် ဆုတံဆိပ်ရရှိခဲ့မှုများအတိုင်း မိမိတို့၏ အားကစားသမားများကို အလားတူ အောင်မြင်မှုများရရှိအောင် စနစ်တကျ လေ့ကျင့်သင်ကြားပေးသွားရန်လိုကြောင်း၊ လိုအပ်သည့် ကယ်လိုရီပမာဏနှင့် အာဟာရပြည့်ဝစွာ ကျွေးမွေးနိုင်စေရေးအတွက် အားကစားနည်းအလိုက်၊ ကိုယ်အလေးချိန်အလိုက်၊ (ကျား၊ မ) အလိုက် တွက်ချက်၍ ပြန်လည်တင်ပြပေးသွားရန်လိုကြောင်း၊ ကိုယ်ခန္ဓာကြံ့ခိုင်မှုများအတွက် အားကစားနည်းအလိုက် လေ့ကျင့်ပေးရန်လိုအပ်သည့် Gym နည်းစနစ်များ၊ Programme များအတိုင်း Gym တာဝန်ခံနှင့် နည်းပြများက ပေါင်းစပ်ညှိနှိုင်းပြီး စနစ်တကျ လေ့ကျင့်ပေးသွားရန်လိုကြောင်း တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Cluster–9 ရှိ စားရိပ်သာတွင် အားကစားသမားများအတွက် ချက်ပြုတ်ပြင်ဆင်နေမှုများ၊ အသီးအရွက်များ သိုလှောင်ထားရှိသည့်နေရာနှင့် အားကစားသမားများ၏ နေ့လယ်စာ စားသောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အားကစားသမားများနှင့် အတူ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လမ်း၊ တံတားတည်ဆောက်ရေးနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လမ်း၊ တံတားများ အဆင့်မြှင့်တင်တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန် – မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၄၅/၇)ရှိ နဝင်းချောင်းတံတား(အဆုံ) လုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက နဝင်းချောင်းတံတား(အဆုံ) တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ တံတားအသစ်ပေါ်မှ ယာဉ်များ ယာယီဖြတ်သန်းခွင့်ပြု၍ တံတားဟောင်းနှင့် ချဉ်းကပ်လမ်းအဆင့်မြှင့်တင်ခြင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရေတိုက်စားပျက်စီးသွားသည့် တံတားဟောင်းကြံ့ခိုင်မှုရှိစေရန်နှင့် ထပ်မံရေတိုက်စားမှုမရှိစေရေး ပြန်လည်ပြုပြင်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျ တွက်ချက်ဆောင်ရွက်ရန်၊ ရေလမ်းကြောင်းထိန်းသိမ်းခြင်း ဆောင်ရွက်နေသော ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်တို့ကိုမှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။



နဝင်းချောင်းတံတား(အဆုံ)သည် အရှည်ပေ ၁၉၀ ရှိပြီး မူလ နှစ်လမ်းသွားမှ လေးလမ်းသွားတံတားအဖြစ် တိုးချဲ့တည်ဆောက်ထားကာ တံတားဟောင်းကိုလည်း ကြံ့ခိုင်မှုရှိစေရန်နှင့် ထပ်မံရေတိုက်စားမှုမရှိစေရေး ကြိုတင်ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တည်ဆောက်ရေးလုပ်ငန်းများပြီးစီးပါက အသွား၊ အပြန် လေးလမ်းသွားတံတားအဖြစ် ခရီးသည်ယာဉ်များနှင့် ကုန်တင်ယာဉ်ကြီးများ ပိုမိုလွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကင်းသာလမ်းဆုံသို့ ရောက်ရှိပြီး ရေတိုက်စား၍ ပျက်စီးခဲ့သည့် လမ်းအပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ လမ်းပခုံးများနှင့် မြေထိန်းနံရံအနိမ့် (Toe Wall)များ ဆောင်ရွက်ပြီးစီးမှု၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေထုတ်မြောင်းများနှင့် ရေပွန်များ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ ဆင်သေချောင်းတံတား(သိုက်ချောင်း) တံတားရေလယ်တိုင်နိမ့်ကျမှုအပိုင်းကို ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း ယခင် လေးလမ်းသွားအဆင့်မှ ခြောက်လမ်းသွားအဆင့် လမ်းတာပေါင်တိုးချဲ့ခြင်းဆောင်ရွက်ပြီးစီးမှု၊ လမ်းဘေး ဝဲ၊ ယာတွင် စိုက်ပျိုးထားသည့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းနေမှုနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားသည့်အခြေအနေတို့ကိုလည်းကောင်း၊ မွန်းတည့်ခွင်–ကျည်တောင်–ခေါမ–ညောင်ပင်သာလမ်းပေါ်ရှိ ရေတိုက်စားပျက်စီးသွားသည့် ပေါင်းလောင်းတံတား(အဝေရာ)၏ ချဉ်းကပ်လမ်းများ ပြုပြင်ပြီးစီးမှုနှင့် တံတားကြံ့ခိုင်ရေး ထိန်းသိမ်းဆောင်ရွက်သည့်အခြေအနေတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ကံမမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးနည်းစနစ်မှန်ကန်စေရေး ပညာပေးသင်တန်းဖွင့်



**ကံမ ဖေဖော်ဝါရီ ၅**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်တွင် နွေစပါးပန်းတိုင်အထွက်ရရှိရန် လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးနည်းစနစ် မှန်ကန်စေရေးနည်းပညာပေးသင်တန်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့မနည်းပညာပြန့်ပွားရေးစင်တာ၌ ယနေ့ ကျင်းပသည်။

သင်တန်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းဌေးက လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးနည်းစနစ်မှန်ကန်စေရေး နည်းပညာပေးသင်တန်း ကျင်းပရခြင်းရည်ရွယ်ချက်ကို ဆွေးနွေးပြောကြားပြီး နွေစပါးလျာထားကေပြည့်မီစွာ အချိန်မီစိုက်ပျိုးရေး၊ တစ်ဧကအထွက်နှုန်း တင်း ၁၅၀ ရရှိအောင် ရည်မှန်းဆောင်ရွက်ရေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပံ့ပိုးပေးသော တိုက်ရိုက်မျိုးစေ့ချကိရိယာများနှင့် လက်ဆွဲကောက်စိုက်စက်များကို အကျိုးရှိစွာ စနစ်တကျ ကိုင်တွယ်အသုံးပြုရေး၊ လယ်ကြားမြောင်း ဖောက်လုပ်ရေးနှင့် ရေအသုံးချသူ အစုအဖွဲ့များ ဖွဲ့စည်းရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသီဟက စိုက်ပျိုးနည်းစနစ်မှန်ကန်ရေးအတွက် လက်တွေ့စိုက်ပျိုးပြသ၍ ကွင်းဆင်းပညာပေးဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး မင်းတုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းထွန်းဦးက လက်ဆွဲကောက်စိုက်စက် အသုံးပြု၍ စိုက်ပျိုးရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စက်ကိရိယာ ကိုင်တွယ်အသုံးပြုရာတွင် ကြုံတွေ့နိုင်သည့် ပြဿနာဖြေရှင်းနည်းများကို အသေးစိတ်ဆွေးနွေးပို့ချခဲ့ပြီး တောင်သူများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

**တနင်္သာရီတိုင်းဒေသကြီး၌ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်**

နေပြည်တော် ဖေဖော်ဝါရီ ၅ – ဖေဖော်ဝါရီ ၆ ရက်၌ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

**ပဲခူး ဖေဖော်ဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများကို ယနေ့ ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့နယ် ဘုရားကြီးမြို့ ဝင်္ဂဘော်ကျေးရွာအုပ်စု သရက်ကုန်းကျေးရွာအနီး ဇောင်းတူရေသောက်စနစ် လက်တံ(၂) တူးမြောင်း၌ ရေဒလက်တပ်ဆင်၍ ကုန်းမြင့်နေရာရှိ နွေစပါးဧက ၂၀ ရေတင်စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးလျှော့ချသုံးစွဲနိုင်ရေး မှာကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တစ်ကွင်းတစ်ဆက်တည်း ပဲတီစိမ်း ဧက ၁၁၀၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ဒေသကြက်နှင့် ဒေသဝက်အား ခြံလှောင်စနစ်ဖြင့် တိုးချဲ့မွေးမြူရန်နှင့် ကုန်ထုတ်လမ်းတစ်လျှောက် အရိပ်ရပြီး စားသုံးနိုင်သည့် သီးပင်စားပင်များ စိုက်ပျိုးသွားရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့နယ် မယင်းကျေးရွာ၌ မွေးမြူရေးလုပ်ငန်းရှင် ဦးဝင်းထိုက်အောင်၏ ကာကီကင်းဥစားဘဲ ကောင်ရေ ၃၂၀၀ မွေးမြူထားရှိမှုအား ကွင်းဆင်းကြည့်ရှုပြီး ဒေသတွင်း ဥစားသုံးမှု ဖူလုံပိုလျှံစေရေးနှင့် စားသုံးသူများ သက်သာသောနှုန်းထားဖြင့် ဝယ်ယူနိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် နေ့စဉ်ဖွင့်လှစ်ရောင်းချလျက်ရှိသော ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ တိုက်ရိုက်အရောင်းဆိုင်များတွင် ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကာ ဥစားဘဲအပြင် အသားတိုးဘဲများ တိုးချဲ့မွေးမြူနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြစ်ရေဘေးကာကွယ်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၄၁၇ သန်းဖြင့် ပဲခူးမြစ်တာ (ပန်းလှိုင်၊ ပုဏ္ဏားစု၊ မုန်တိုင်း) တာမိုင်(၀/၀ မှ ၁/၄)အထိ High Flood Level အထက် ၁၀၃၀ စင်တီမီတာအထိ မြေသားတာပေါင် အခိုင်အမာမြှင့်တင်ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်းတို့ကို ကွင်းဆင်းကြည့်ရှုပြီး ရေဦးထိုးနိုင်သည့် နေရာများအား ပထမဦးစားပေးအဖြစ် ရေထိန်းနံရံကျောက်စီခြင်း၊ တာယာကွင်းအဟောင်းများဖြင့် ရေတားနံရံများ ပြုလုပ်ခြင်းများ ဆောင်ရွက်သွားရန်၊ ပဲခူးမြစ်တာဧရိယာအတွင်း ကျူးကျော်နေထိုင်မှု မရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန်၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ကြီးကြပ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားပြီး တာလမ်းပေါင်တစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## MSME လုပ်ငန်းတွေအတွက် အကျိုးကျေးဇူးရရှိစေမယ့် ပြည်တွင်းဈေးကွက်ချိတ်ဆက်မှု၊ ပြည်ပဈေးကွက်ချိတ်ဆက်မှု၊ ဘဏ္ဍာငွေရရှိရေးအတွက် ချိတ်ဆက်မှုအပြင် သက်ဆိုင်ရာအစိုးရဌာနတွေကနေ သတင်းအချက်အလက်တွေကို မျှဝေပေးမယ့် အစီအစဉ်တွေ ပါဝင်ပါတယ်

**(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။**

အဆိုပါ ပြပွဲပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းသုံး ထုတ်ကုန်များ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည့်အပြင် ဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက် MSME ထုတ်ကုန်များ၊ ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်ပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်ဖြစ်ရာ ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် MSME လုပ်ငန်းရှင်များအတွက် လုပ်ငန်းစီးပွားချိတ်ဆက်မှု အစီအစဉ်လည်း ပါဝင်ပြီး ထိုသို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် လုပ်ငန်းစီးပွားချိတ်ဆက်မှု ဆပ်ကော်မတီ၏ ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ အဆိုပါဆပ်ကော်မတီအတွင်းရေးမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်–

**မေး ။ ။ ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် MSME ကျင်းပတဲ့အခါ လုပ်ငန်းရှင်အချင်းချင်း ချိတ်ဆက်နိုင်ဖို့ ဘယ်လိုတွေ ဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ။ ပြပွဲရဲ့ လုပ်ငန်းစီးပွားချိတ်ဆက်မှုပြခန်း (Business Matching Hall) မှာ MSME လုပ်ငန်းတွေအတွက် အကျိုးကျေးဇူးရရှိစေမယ့် ပြည်တွင်းဈေးကွက် ချိတ်ဆက်မှု၊ ပြည်ပ ဈေးကွက် ချိတ်ဆက်မှု၊ ဘဏ္ဍာငွေရရှိရေးအတွက် ချိတ်ဆက်မှုအပြင် သက်ဆိုင်ရာ အစိုးရဌာနတွေကနေ သတင်းအချက်အလက်တွေကို မျှဝေပေးမယ့် အစီအစဉ်တွေ ပါဝင်ပါတယ်။ ပြည်တွင်းဈေးကွက်ချိတ်ဆက်မှုအနေနဲ့ MSME လုပ်ငန်းတွေက ထုတ်လုပ်ထားတဲ့ ထုတ်ကုန်ပစ္စည်းတွေကို ပြည်တွင်းမှာရှိတဲ့ Modern စတိုးတွေ၊ လက်လီ/လက်ကားဆိုင်တွေဖြစ်တဲ့ City Mart၊ AERON၊ Makro၊ G and G စတဲ့ဆိုင်တွေမှာ ရောင်းချနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၀ ရက်ကနေ ၁၄ ရက်အထိ မျက်နှာချင်းဆိုင် တွေ့ဆုံပေးသွားမှာ ဖြစ်ပါတယ်။

အဲဒီလိုပဲ ပြည်ပဈေးကွက်ချိတ်ဆက်မှုအနေနဲ့ ပြည်ပတင်ပို့နေတဲ့ Exporters တွေ၊ နိုင်ငံ ၁၂ နိုင်ငံက စေလွှတ်ထားတဲ့ စီးပွားရေးသံမှူး ၁၆ ဦးတို့နဲ့ Video Conferencing စနစ်နဲ့ ချိတ်ဆက်ပေးဖို့ စီစဉ်ထားပါတယ်။ ဘဏ္ဍာငွေရရှိရေးချိတ်ဆက်မှုအနေနဲ့ ပုဂ္ဂလိကဘဏ်ရှစ်ခုကနေ ဘဏ်ချေးငွေရရှိရေး ဘဏ်တွေရဲ့ ဝန်ဆောင်မှုနဲ့ ပတ်သက်တဲ့ သတင်းအချက်တွေရရှိနိုင်ဖို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များက MSME လုပ်ငန်းရှင်တွေက Business Matching Hall မှာ မျက်နှာချင်းဆိုင် တွေ့ဆုံရှင်းလင်းချိတ်ဆက်သွားမှာ ဖြစ်ပါတယ်။

ပြခန်းအမှတ် ၂၅ မှာ Business Matching Hall တည်ရှိမှာဖြစ်ပြီး နေ့အလိုက် တွေ့ဆုံမယ့် လုပ်ငန်းရှင်စာရင်းတွေကို အချိန်ဇယားအလိုက် တွေ့ဆုံမှုတွေပြုလုပ်နိုင်ဖို့ TV နဲ့ ကြေညာပြသပေးထားမှာ ဖြစ်ပါတယ်။ စာရင်းမပေးထားတဲ့ MSME လုပ်ငန်းရှင်တွေအနေနဲ့ စိတ်ဝင်စားမှုရှိရင် ပြခန်းမှာ လာရောက်စာရင်းပေးနိုင်ပြီး တွေ့ဆုံလိုတဲ့ဘဏ်၊ လက်လီ/လက်ကားလုပ်ငန်း၊ စီးပွားရေးသံမှူးတွေနဲ့ အဆင်ပြေစွာ တွေ့ဆုံဆွေးနွေးနိုင်ရေး စီစဉ်ပေးမှာဖြစ်ပါတယ်။ MSME လုပ်ငန်းတွေရဲ့ ထုတ်ကုန်တွေ FDA လက်မှတ်ရရှိနိုင်ရေးအတွက် လိုအပ်ချက်တွေနဲ့ FDA လက်မှတ်ရရှိရေး လုပ်ငန်းစဉ်တွေ၊ ကုမ္ပဏီတည်ထောင်လိုတဲ့ MSME လုပ်ငန်းတွေရှိရင်လည်း DICA အရာရှိကလည်း ကုမ္ပဏီတစ်ခု တည်ထောင်ရေးအတွက် လုပ်ငန်းစဉ်တွေ၊ စာရွက်စာတမ်းလိုအပ်ချက်တွေကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဒါ့အပြင် MSME ထုတ်ကုန်တွေအတွက် ကုန်အမှတ်တံဆိပ် (Trade Mark) မှတ်ပုံတင်ရရှိရေးဟာ အရေးကြီးတဲ့အတွက် မူပိုင်ခွင့်ဦးစီးဌာန၊ MSME ထုတ်ကုန်တွေ ပြည်ပကိုတင်ပို့တဲ့ထုတ်ကုန်တွေ ပို့ကုန်လိုင်စင်လျှောက်ထားတဲ့အခါ Myanmar Trade Net 2.0 အသုံးပြုပုံကို ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ရှင်းလင်းရေးကိစ္စတွေကို သဘောပေါက် နားလည်နိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာနကလည်း MSME လုပ်ငန်းရှင်တွေကို သိသင့်သိထိုက်တဲ့ သတင်းအချက်အလက်တွေကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ ဒီလို လုပ်ငန်းစီးပွားချိတ်ဆက်ရေးဟာ MSME လုပ်ငန်းတွေအတွက် ဘယ်လောက်အထိ အထောက်အကူပြုတယ်ဆိုတာသိပါရစေ။**

ဖြေ ။ ။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ/ပြိုင်ပွဲ ဖြစ်တဲ့အတွက် တစ်နေရာတည်းမှာ တိုင်းဒေသကြီး/ပြည်နယ်တွေရဲ့ ထုတ်ကုန်တွေကို တွေ့ရမယ်၊ သတင်းအချက်အလက်တွေကို ရရှိနိုင်မယ်၊ စီးပွားရေးလုပ်ငန်းအချင်းချင်း တွေ့ဆုံချိတ်ဆက်မှုတွေကြောင့် လုပ်ငန်းချင်းချိတ်ဆက်ဆောင်ရွက်မှု မြှင့်တင်နိုင်မယ်၊ နိုင်ငံတော်ကနေ ချီးမြှင့်တဲ့ဆုငွေတွေ ရရှိနိုင်မှာဖြစ်တဲ့အတွက် MSME လုပ်ငန်းတွေအတွက် လက်မလွှတ်သင့်တဲ့ အခွင့်အရေးကို ၂၀၂၅ ခုနှစ်မှာ ရရှိနိုင်မှာဖြစ်ပါတယ်။

**မေး ။ ။ ဒီလို MSME ပြပွဲ၊ ပြိုင်ပွဲတွေကနေတစ်ဆင့် အခွင့်အလမ်းတွေရရှိပြီး ပိုမိုတိုးတက်မှုရရှိအောင် ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုအားဖြည့်ပူးပေါင်း ဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့ MSME လုပ်ငန်းတွေအတွက် ဝန်ကြီးဌာနကနေ ပြည်ပကုန်စည်ပြပွဲကို ပါဝင်ပြသနိုင်ရေး၊ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်တွေ အသုံးပြုနိုင်ရေးတွေကို ဆောင်ရွက်ပေးမယ်။

ပြီးတော့ မြန်မာရဲ့ အဓိကဈေးကွက်ဖြစ်တဲ့ တရုတ်နိုင်ငံကို တင်ပို့ရာမှာ ဈေးကွက်ဝင်ရောက်ခွင့် GACC လက်မှတ်ရရှိရေးအတွက် ဆောင်ရွက်ပေးမှုအခြေအနေ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းအပါအဝင် မူပိုင်ခွင့်ဆိုင်ရာဥပဒေ၊ စားသုံးသူအခွင့်အရေး ကာကွယ်ရေးအတွက် သိသင့်သိထိုက်တဲ့အချက်တွေ၊ ကုန်သွယ်မှုပိုင်းကနေ MSME တွေအတွက် ဆောင်ရွက်ပေးနေမှုတွေကို ဝန်ကြီးဌာနပြခန်းကနေ ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဝန်ကြီးဌာနပြခန်းမှာ ပြည်ပကိုတင်ပို့နေတဲ့ ဆန်၊ ပဲမျိုးစုံ၊ ကော်ဖီနဲ့ ပြည်တွင်းကနေ ထုတ်လုပ်တဲ့ မြေပဲဆီ၊ နေကြာဆီ၊ နှမ်းဆီတွေကို ပြသမှာဖြစ်ပါတယ်။



ညွှန်ကြားရေးမှူးချုပ်
ဒေါက်တာထိန်လင်း

**မေး ။ ။ ပြည်သူတွေသိရှိစေဖို့ ဖြည့်စွက်ပြောကြားချင်တာရှိရင်လည်း ပြောကြားပေးပါ။**

ဖြေ ။ ။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲဖြစ်တဲ့အတွက် လာရောက်ကြည့်ရှုသင့်တယ်၊ တိုင်းရင်းသားရိုးရာ အစားအစာဆိုင်တွေ၊ တိုင်းဒေသကြီး/ပြည်နယ်တွေရဲ့ နာမည်ကြီး အစားအသောက်တွေ ရောင်းချပေးမှာဖြစ်သလို ဝန်ကြီးဌာနတွေရဲ့ ပြခန်းတွေ၊ တိုင်းဒေသကြီး/ ပြည်နယ်ပြခန်းတွေမှာ တကယ်ကို စိတ်ဝင်စားမှုရရှိစေမှာဖြစ်တဲ့အတွက် လာရောက်ကြည့်ရှုသင့်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှာဆိုရင် ခေတ်မီမဲစနစ်ပုံစံနဲ့ ဆန်၊ ပဲနဲ့ ဆီကို ပြပွဲကျင်းပမယ့် ဖေဖော်ဝါရီ ၁၀ ရက်ကနေ ၁၄ ရက်အထိ နေ့စဉ်ဝေသွားမယ်ဆိုတာကိုအသိပေးပြောကြားလိုပါတယ်။

**တွေ့ဆုံမေးမြန်း–ဝင်းဝင်းမင်း**
**ဓာတ်ပုံ–ဖိုးပြည့်စုံ**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မဟာအောင်မြေမြို့နယ်တွင် နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မဟာအောင်မြေမြို့နယ် ၅၆ လမ်းပေါ်ရှိ ၃၅ လမ်းမှ သိပ္ပံ ၁၀၁ လမ်းအထိလည်းကောင်း၊ ၄၂ လမ်းပေါ်ရှိ ၅၉ လမ်းမှ အရှေ့မြို့ပတ်လမ်းအထိလည်းကောင်း နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်းနေရာ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ နှစ်အလိုက် ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ မြို့ပေါ်ရှိလမ်းများတိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ငန်းဆောင်ရွက်ပေးနေမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့မိ မြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများ၊ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့အား အမှတ်တရလက်ဆောင်များနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ကြသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လမ်းတစ်လျှောက်အား လှည့်လည်ကြည့်ရှုပြီး မြို့မိမြို့ဖများအား ရင်းနှီးစွာ နှုတ်ဆက်ကြသည်။

အဆိုပါ ၅၆ လမ်းပေါ်ရှိ ၃၅လမ်းမှ သိပ္ပံလမ်းအထိ အရှည် ၅၈၈၅ပေနှင့် အကျယ် ပေ ၄၀ ကိုလည်းကောင်း၊ ၄၂ လမ်းပေါ်ရှိ ၅၉လမ်းမှ အရှေ့မြို့ပတ်လမ်းအထိ အရှည် ၄၅၂၇ ပေနှင့် အကျယ် ပေ ၃၀ကိုလည်းကောင်း နိုင်လွန်ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင် ခင်းပေးထားကာ လိုအပ်သည့်နေရာများတွင် တံတားများ ဘေးချဲ့ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခင် လမ်းအဆင့်မြှင့်တင်ခင်းပေးခြင်း မဆောင်ရွက်မီက ၎င်း ၅၆ လမ်းပေါ်တွင်



ယာဉ်သွားလာ အသုံးပြုမှုများသဖြင့် ယာဉ်များ သွားလာရာ၌ ကျပ်တည်းမှု အမြဲတမ်းဖြစ်ပေါ်နေသည့်အတွက် ယခုကဲ့သို့ လေးလမ်းသွားအဖြစ် ဘေးချဲ့၍ နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းပြီး ပြည်သူများ အချိန်တိုအတွင်း သွားလာမှုပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းဝကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

တနင်္သာရီ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းဝကျေးရွာရှိ ကျောင်းသစ်ကျောင်းတိုက်၌ အခြေပြု၍ ချောင်းဝကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၂၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၃၄ ဦး၊ ခွဲစိတ်ရောဂါ ၅၅ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၆ ဦး၊ ကလေးရောဂါ ၅၉ ဦး၊ အရိုးရောဂါ ၉၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၉ ဦး၊ မျက်စိရောဂါ ၁၂၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၉၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ









ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ နှစ်ဦး၊ ခါတ်မှန်ရိုက်လူနာ ၁၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၆၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၈၀ တို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့် လူနာ လေးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါသည်-

၁။ "စက်ဆိပ် ကျေးရွာကပါ။ ယားနာနဲ့ နှလုံးရောဂါလာပြတာပါ။ ဆရာဝန်တွေက ဆေးကို ပုံမှန်သောက်ဖို့ဆေးတွေပေးလိုက်ပါတယ်။ ပြီးတော့ အရေပြားတွေလည်း တအားမကုတ်ဖို့ ပြောပါတယ်။ တအားကုတ်ရင် ပိုးတွေဝင်တတ်တယ်လို့ ပြောပါတယ်။ နှလုံးကျတော့ အခုနေကတော့ သိပ်ပြီးတော့ ဘာမှမဖြစ်သေးဘူးတဲ့။ နည်းနည်းပါးပါး တစ်ချက်၊ တစ်ချက် အောင့်တာပဲရှိပါတယ်။ အဆင်ပြေပါတယ်။ များသောအားဖြင့်က ဆေးခန်းကို တော်တန်ရုံ မပြနိုင်ကြဘူး။ ပိုက်ဆံက သိပ်ပြီးမတတ်နိုင်ကြဘူး။ တချို့ကြတော့လည်း ပိုက်ဆံကတော့ ရှိပေမယ့် တပ်မတော်က ထုတ်တဲ့ဆေးက အကောင်းစားတွေ များတယ်။ အဲဒါကြောင့် လာပြီးတော့ ဆေးလာကုသကြတာ များပါတယ်။ နှလုံးသမားတွေဆိုလို့ရှိရင်လည်း ဆရာဝန်တွေက ECG စက်တွေရော ဘာတွေရော တစ်ခါတည်းဆိုတော့ ဒီမှာတစ်ခါတည်း ပြပြီးတော့ ဆေးလည်း တစ်ခါတည်းရလို့ငွေကုန်လည်း သက်သာတယ်။ လူလည်း ပင်ပန်းတာ သက်သာတယ်။ မြို့တွေကို သွားစရာ မလိုတော့ဘူး။ ရောဂါဖြစ်ရင် ပုသိမ်သွားရတယ်။ ဟိုင်းကြီးသွားရတယ်။ အဲလိုမျိုးတွေ သွားရတာ ရှိတယ်။ သွားရမယ်ဆိုလို့ရှိရင် ကျွန်မတို့က ဒီကနေ ရုပ်ပြေးနဲ့ မိုးမလင်းခင် စီးပြီး သွားရပါတယ်။ ပုသိမ်ရောက်ရင်လည်း ချက်ချင်းပြလို့ မရဘူး။ နောက်တစ်နေ့မှ ပြရပါတယ်။ ခရီးကြန့်ကြာပြီး ငွေလည်း ကုန်ပါတယ်။ အခုကျတော့ ငွေလည်း မကုန်တော့ဘူး။ အခုလို လာရောက်ကုသပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲနှင့် ဆေးလာရောက် ကုသပေးတဲ့ ဆရာဝန်၊ ဆရာမများအား အထူးပဲကျေးဇူးတင်ရှိပါတယ်။ နောက်နှစ်တွေကိုလည်း လာရောက်ကုသပေးဖို့ ဖိတ်ခေါ်ပါတယ်"ဟု လာရောက်ကုသသည့် အမျိုးသမီးတစ်ဦးက ပြောသည်။

၂။ "မျက်စိလာပြတာပါ။ မျက်စိက တိမ်သားတက်နေလို့ ခြစ်ရမယ်လို့ ပြောပါတယ်။ ဆရာဝန်က သွေးသွားစစ်ခိုင်းတယ်။ သွေးစစ်ပြီးတော့မှ မျက်သားကို ခြစ်ပေးမယ်လို့ ပြောပါတယ်။ အခုလို သွေးကို ဒီမှာတစ်ခါတည်း စစ်လိုက်တဲ့အခါကျတော့လည်း အဖြေတစ်ခါတည်း ထွက်တဲ့အခါကျတော့ မြို့ပေါ်ကို သွားစရာမလိုတော့ဘူး။ မသွားရတဲ့အခါကျတော့ ဒီမှာတင်လုပ်ပေးတော့ ပိုပြီးတော့ အဆင်ပြေပါတယ်။ ဝမ်းသာပါတယ်။ အခုလို မြန်မြန်ဆန်ဆန်လေးနဲ့ အားလုံး အဆင်ပြေအောင် လုပ်ပေးတဲ့အတွက် ကျွန်တော်တို့ အတွက်လည်း ငွေကြေးကုန်ကျစရိတ်အများကြီး သက်သာပါတယ်။ လုပ်ငန်းတွေလည်း မပျက်ဖူး။ အဲဒါကြောင့် အလွန် ဝမ်းသာပီတိဖြစ်ရပါတယ်။ အခုလို ဆေးလာကုပေးတဲ့ တပ်မတော်သားအားလုံးကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။ အခုလိုမျိုး ကောင်းမွန်ကျနစွာ အထူးတလည် လာရောက်ကုသပေးတဲ့အတွက်ကို အလွန်ပဲ ကျေးဇူးတင်ရှိပါတယ်။ နောင်လည်း လာရောက်ကုသဖို့ ဖိတ်ခေါ်ပါတယ်။ နိုင်ငံ့တာဝန်ထမ်းဆောင်နေတဲ့ တပ်မတော်သားအားလုံး ကျန်းမာ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်"ဟု မျက်စိလာကုသူတစ်ဦးက ပြောသည်။

**သတင်းစဉ်**

# ပန်းတနော်မြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဆွေးနွေးဟောပြော

**ပန်းတနော် ဖေဖော်ဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် မအူပင်တက္ကသိုလ်မှ ဘာသာရပ်အလိုက် သင်ကြားပို့ချခြင်းကို ယနေ့နံနက်ပိုင်းက ပြည်လုံးချမ်းသာ သာသနာ့ဗိမာန်တော်၌ ဝိဇ္ဇာတွဲဘာသာရပ်များကိုလည်းကောင်း၊ လေးထပ်ကျောင်းတိုက်ဓမ္မာရုံ၌ သိပ္ပံတွဲနှင့် ဝိပ္ပံတွဲဘာသာရပ်များကိုလည်းကောင်း သင်ကြားပို့ချခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ငွေဌေးတို့က အမှာစကားပြောကြားသည်။ အဆိုပါ ဘာသာရပ်အလိုက် သင်ကြားပို့ချမှုကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၏ ညွှန်ကြားချက်ဖြင့် မအူပင်တက္ကသိုလ် သတ္တဗေဒပါမောက္ခ(ဌာနမှူး) ဒေါက်တာစန်းစန်းရီနှင့် ဆရာ ဆရာမကြီးများ၊ မြို့နယ်ပညာရေးမှူး ဒေါ်ငွေဌေးတို့ပူးပေါင်း၍ ပန်းတနော်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ Grade 12 ကျောင်းသား ကျောင်းသူ ၁၀၉၄ ဦးအား ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိက ဆရာကြီး ဆရာမကြီးများက ဘာသာရပ်အလိုက် သင်ကြားပို့ချခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65) ၊ Scentroid (SL – 50 Scential) ၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$) ၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$) ၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင် အောက်ဆိုက်</th><th>နိုက်ထရို ဂျင်ဒိုင် အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန် မိုနောက် ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>သန်လျင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>ဒလမြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၈</td><td>ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၉</td><td>International Business Center</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၁၀</td><td>မြို့တော်ခန်းမအနီး (ဆူးလေ)</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td><td></td><td>ခံနိုင်ရည်နည်းပါးသူများအတွက်သာကျန်းမာရေးကိုထိခိုက်စေနိုင်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td>ခံနိုင်ရည်နည်းပါးသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ကျောက်ဆည်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>မိတ္ထီလာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>အောင်မြေသာစံမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>ပုသိမ်ကြီးမြို့</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကသာမြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td>လက်ခံနိုင်သော</td></tr>
<tr><td></td><td>၃</td><td>ဟုမ္မလင်းမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td></td><td colspan="3">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td></td><td colspan="3">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မြဝတီမြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>ခံနိုင်ရည်နည်းပါးသူများအတွက်သာကျန်းမာရေးကို ထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td></td><td></td><td colspan="2">ကောင်းမွန်</td><td></td><td></td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>လက်ခံနိုင်သော</td><td></td><td></td><td></td><td></td><td></td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>မိုင်းဆတ်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ဖေဖော်ဝါရီ ၆ ရက်တွင် မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။ ဖေဖော်ဝါရီ ၇ ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်

## သတင်းထုတ်ပြန်ချက်အမှတ်( ၂ /၂၀၂၅)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အမိန့်အမှတ် (၁၆/၂၀၂၅) ဖြင့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၈) ဦး ပါဝင်သော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၂။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို နိုင်ငံသားများ၏ လူ့အခွင့်အရေးများ တိုးတက်ဖော်ဆောင်ရန်နှင့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရာတွင် အသွင်သဏ္ဌာန်နှင့် အနှစ်သာရများ ပြည့်ဝစေရန် ရည်သန်လျက် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၁ ဖြင့် စတင်ဖွဲ့စည်းပေးခဲ့ပါသည်။ ကော်မရှင်ကို နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့အစည်းများ ဖွဲ့စည်းမှုအသွင်သဏ္ဌာန်နှင့် လိုက်လျောညီထွေရှိစေရန်နှင့် ခိုင်မာစွာရေရှည်ရပ်တည်နိုင်စေရန်တို့အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁ ဖြင့် ပြဋ္ဌာန်းထားရှိခဲ့ပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအရ ဖွဲ့စည်းရပ်တည်လျက်ရှိသော ကော်မရှင်သည် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဓိက လုပ်ငန်းတာဝန်များဖြစ်သော ပြည်သူများအား လူ့အခွင့်အရေးပညာပေးရေးနှင့် အသိပညာပြန့်ပွားရေး မြှင့်တင်ဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေးဖောက်ဖျက်ခံရခြင်း မရှိစေရန် ကာကွယ်စောင့်ရှောက်ခြင်း၊ နိုင်ငံတော်၏ တည်ဆဲဥပဒေများသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်များနှင့် လိုက်လျောမှုရှိစေရန် အကြံပြုခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်သော လူ့အခွင့်အရေးစာချုပ်များကို အစိုးရအဖွဲ့သို့ တင်ပြအကြံပြုခြင်း၊ အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများသာမက အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာလူ့အခွင့်အရေးယန္တရားများနှင့် ထိတွေ့ဆောင်ရွက်ခြင်း စသည့် ကျယ်ပြန့်သိမ်မွေ့သောတာဝန်နှင့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၄။ ကော်မရှင်သည် နိုင်ငံသားများ၏ အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရာတွင် ကော်မရှင်ဥပဒေပါ ရည်ရွယ်ချက်များ အောင်မြင်စေရန်နှင့် လုပ်ငန်းများ ထိရောက်စေရန်အလို့ငှာ ရေ့လုပ်ငန်းစဉ်မူဘောင် (The Framework of Action Plan) တစ်ရပ်နှင့် နှစ်စဉ်လုပ်ငန်းစီမံချက် (Operational Plan) ရေးဆွဲချမှတ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ယင်းမူဘောင်နှင့် စီမံချက်တို့တွင် လူ့အခွင့်အရေးဆိုင်ရာ အခြေခံမူများနှင့်တန်ဖိုးများကို အများပြည်သူသိရှိနားလည်မှုတိုးမြှင့်စေရန်၊ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများ လျော့ပါးစေရေးအတွက် တိုင်တန်းချက်များ ကိုင်တွယ်ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့ကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်၊ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများနှင့် လိုအပ်သည့်နေရာများသို့ သွားရောက်စစ်ဆေးခြင်းတို့ကို နည်းလမ်းတကျဆောင်ရွက်ရန်၊ တည်ဆဲဥပဒေများ ပြင်ဆင်ခြင်းနှင့် ဥပဒေကြမ်းများ ရေးဆွဲခြင်းတို့တွင် လူ့အခွင့်အရေးစံများ ထည့်သွင်းစဉ်းစားလာစေရန်၊ နိုင်ငံတော်မှ ပါဝင်ချုပ်ဆိုခြင်း မပြုရသေးသော အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး သဘောတူစာချုပ်များကို လေ့လာသုံးသပ်ရန်၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေးယန္တရားများ၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ရှေ့ဆက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ နိုင်ငံသားတစ်ဦးသည် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော် လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**သို့ လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးခွဲ နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့ လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် email လိပ်စာဖြစ်သော protection @mnhrc.org.mm တို့မှ တစ်ဆင့်ဖြစ်စေ အချက်အလက်များ ပြည့်စုံစွာဖော်ပြ တိုင်ကြားနိုင်ပါသည်။ ကော်မရှင်သည်တိုင်တန်းချက်များကို စိစစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်၍ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများနှင့် နစ်နာမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၆။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအရ ကော်မရှင်သည် နိုင်ငံတော်၏လူ့အခွင့်အရေးအခြေအနေနှင့် ကော်မရှင်၏ ဆောင်ရွက်မှုများ၊ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ သင့်လျော်သည့် အကြံပြုထောက်ခံချက်များပါဝင်သော နှစ်ပတ်လည် အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း၊ လိုအပ်ပါက လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အထူးအစီရင်ခံစာများကို နိုင်ငံတော်သမ္မတထံ တင်ပြခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၇။ ကော်မရှင်သည် လူ့အခွင့်အရေးကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ကော်မရှင်ဥပဒေပါရည်ရွယ်ချက်များ အောင်မြင်စေရန် ကြိုးပမ်းထမ်းဆောင်သွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်**

## လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(မင်းကုန်း)၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး



**လှည်းကူး ဖေဖော်ဝါရီ ၅**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဦးစီးမှူးရုံးမှ လဝကမှူးနှင့်ဝန်ထမ်းများက ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခြင်းလုပ်ငန်းကို ယနေ့ နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(မင်းကုန်း)၌ ကျောင်းသား ကျောင်းသူများအား ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့်နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ လဝကမှူးဦးမျိုးသန့်နှင့် ဝန်ထမ်းများက နိုင်ငံသားကတ်မရှိသေးသည့် ကျောင်းသား ကျောင်းသူ ၄၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❐ *ကျောဖုံးမှ*

တာဝန်သိ ပြည်သူများ၏ သတင်းပေး တိုင်ကြားမှုများကြောင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း သတင်းရရှိမှု ၆၃ ကြိမ် ရရှိခဲ့ပြီး သတင်းမှား ရှစ်ကြိမ်၊ နောက်ကျ သတင်းတစ်ကြိမ်နှင့် ဖမ်းဆီးရမိမှု ၅၄ ကြိမ်ဖြစ်သည်။

သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိအမှုတွဲ ၈၁ မှု ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ ဖြစ်သော ကုန်ပစ္စည်း ၅၅ မျိုး အပါအဝင် ခန့်မှန်းတန်ဖိုးကျပ် ၉၂၄ ဒသမ ၀၆၉ သန်းနှင့် တရားမဝင်ကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များ အပါအဝင် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း သတင်းပေး တိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများ ကိုလည်း ဖမ်းဆီးရမိမှု တန်ဖိုးကျပ် ၉၂၄ ဒသမ ၀၆၉ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သောကျပ် ၁၈၄ ဒသမ ၈၁၃ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများက မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှု သတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း - ၀၉၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၁၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့ တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❂ *ကျောဖုံးမှ*

Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကျော်ကိုကိုချစ်နှင့် ဦးမြင့်သောင်း၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်နှင့် Junior Golf Myanmar (JGM) ဒုတိယဥက္ကဋ္ဌ ဦးအောင်ကိုဇော်၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးတင်မောင်မောင်ဝင်း၊ Junior Golf Myanmar (JGM)အတွင်းရေးမှူး ဦးကျော်မင်းမင်းလတ်တို့က အလှည့်ကျဂေါက်သီးရိုက်၍ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲ စတင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲကို မျိုးဆက်သစ်ဂေါက်သီးအားကစားသမားများ၏ လက်ရည်အဆင့်အတန်းတိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ ပြိုင်ပွဲကို ရန်ကုန်မြို့ ဥက္ကလာဂေါက်ကွင်း၌ ဖေဖော်ဝါရီ ၅ ရက်မှ ၇ ရက်အထိ သုံးရက်ကြာ ပြုလုပ်သွားမည်ဖြစ်ပြီး ကျန်ပြိုင်ပွဲများဖြစ်သော Tour Pro နှင့် Senior Pro အဆင့် ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၀ရက်အထိ မြို့တော်ဂေါက်ကွင်း(ငွေသော်တာ)၌လည်းကောင်း၊ ဝါသနာရှင်အဆင့်၊ သက်ကြီးတန်းဝါသနာရှင်အဆင့်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)တွင် လည်းကောင်း ကျင်းပမည်ဖြစ်သည်။

**ကိုညီလေး၊ ဓာတ်ပုံ-MGF**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

❈ *ကျောဖုံးမှ*

ပူးတွဲတာဝန်ယူခဲ့ပြီးနောက် အာရှအားကစားပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှုရပ်နားထားခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ယခုနှစ်တွင် နိုင်ငံတကာပြိုင်ပွဲများစွာ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် နည်းပြသစ်ကို ယခုနှစ်ဆန်းပိုင်းမှာပင် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ကူရိုဆာကီသည် ယခုနှစ်တွင် မြန်မာ ယူ-၂၂ အသင်းနှင့်အတူ နိုင်ငံတကာပြိုင်ပွဲများစွာ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဓိကပြိုင်ပွဲများဖြစ်သည့် (၃၃) ကြိမ်မြောက် ထိုင်းဆီးဂိမ်းပြိုင်ပွဲ၊ အာဆီယံ ယူ-၂၂ ချန်ပီယံရှစ်ပြိုင်ပွဲနှင့် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲတို့တွင် ရလဒ်ကောင်းရယူနိုင်ရန် စွမ်းဆောင်ပေးရမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၂၂ အမျိုးသားအသင်းနည်းပြချုပ်သစ် ခန့်အပ်မှုကို ဖေဖော်ဝါရီ ၅ ရက်က တရားဝင်သတင်းထုတ်ပြန်ခဲ့ပြီး ဂျပန်လက်ရွေးစင်ဟောင်းတစ်ဦးလည်းဖြစ်သည်။ ၎င်းသည် ၁၉၈၉ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ဂျပန်လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံရပြီး ကစားသမားဘဝမှ အနားယူပြီးနောက်ပိုင်း နည်းပြအဖြစ်ပြောင်းလဲဆောင်ရွက်ခဲ့ရာ ဂျေလိဂ်ကလပ် အယ်လ်ဘီရက်စ်နီဂါတာအသင်း၊ ကာရှီးမားအန်တလားစ်အသင်း၊ တရုတ်ကလပ် Qingdao အသင်းတို့ကို ကိုင်တွယ်ခဲ့သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

## ရေစကြိုမြို့နယ်၌ ဝါသီးနှံများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိပြီး အကျိုးအမြတ်ရ



မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ရှိ ကျေးရွာများ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြရာ သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိပြီး ပခန်းကြီး၊ မြေဖြူ၊ စည်သာ၊ ဆင်ချောင်း စသည့်ကျေးရွာများတွင် ဝါသီးနှံကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဝါသီးနှံကို ဇူလိုင်လနှင့် ဩဂုတ်လများတွင် စတင်စိုက်ပျိုးပြီး ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ခူးဆွတ်ရိတ်သိမ်းရကြောင်း၊ သီးညှပ်စိုက်ပျိုးမှုနှင့် သီးသန့်စိုက်ပျိုးမှုဟူ၍ရှိပြီး ဒေသမျိုးများဖြစ်သော ငွေချည်-၉၊ ရွှေတောင်-၁၀၊ ချည်မျှင်ရှည်ဝါမျိုးများကို စိုက်ပျိုးကြကြောင်း၊ မျိုးစေ့ ခုနစ်ပိဿာခန့်နှင့် ထွန်ယက်ခ၊ မျိုး၊ သွင်းအားစု၊ လုပ်သားခနှင့် ခူးဆွတ်ရိတ်သိမ်းခြင်းအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၆ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ဝါပိဿာချိန် ၃၂၀-၃၅၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများက ဝါစိုက်ခင်းများအထိ လာရောက်ဝယ်ယူကြပြီး ထိုမှတစ်ဆင့် ပခုက္ကူမြို့နှင့် မန္တလေးမြို့တို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုအချိန်တွင် ဝါသီးနှံများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိ၍ ဝါစိုက်တောင်သူများအနေဖြင့် အမြတ်ရလျက်ရှိသည့်အပြင် ဝါခူးဆွတ်သူ(ဝါကောက်သူ) များလည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**DOCA (မကွေး)**

## မြစ်သားမြို့နယ်၌ နနွင်းဧက ၁၀၀၀ ကျော် စိုက်ပျိုးထားပြီး စတင်တူးဖော်လျက်ရှိ

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ နနွင်းကို ၁၀၄၅ ဧက စိုက်ပျိုးထားကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။



နနွင်းကို ဇွန်လနှင့် ဇူလိုင်လများတွင် စိုက်ပျိုးပြီး ဖေဖော်ဝါရီလနှင့် မတ်လများတွင် တူးဖော်လျက်ရှိရာ ယခုအချိန်တွင် နနွင်းများ စတင်တူးဖော်လျက်ရှိကြောင်း၊ နနွင်းကို ဘောင်ခတ်ပြီး မြေအောက်ရေတင်စနစ်ဖြင့်စိုက်ပျိုးကာ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၂၅ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် နနွင်းတက် လှည်း ၁၃-၁၅ စီးခန့်၊ တင်းအားဖြင့် ၃၂၅-၃၅၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများက စိုက်ခင်းအရောက် လာရောက်ဝယ်ယူကြ၍ ကျောက်ဆည်မြို့ရှိ ပွဲရုံများသို့ရောင်းချလျက်ရှိပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ နနွင်းများ လှိုင်လှိုင်ထွက်ပေါ်ချိန်တွင်လည်း ဈေးနှုန်းများ ဆက်လက်ကောင်းမွန်ပါက တောင်သူများအနေဖြင့် အကျိုးအမြတ်ပိုမိုရရှိနိုင်ကြောင်း သိရသည်။

**DOCA (မန္တလေး)**

## မကွေးတိုင်းဒေသကြီး၌ ကုလားပဲသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကူတုတ်ကျေးရွာ အုပ်စုအတွင်းရှိ ညောင်တော၊ ညောင်ဘိုပင်၊ ရှစ်အိမ်တန်း၊ ဇီးကျွန်း၊ အောင်ချမ်းသာ စသည့်ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ ကုလားပဲသီးနှံကို ဧက ၅၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ကုလားပဲသီးနှံကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် စိုက်ပျိုးပြီး မတ်လနှင့် ဧပြီလများတွင် ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ဟော်လန်ကုလားပဲ(ဝါ)နှင့် V2 ကုလားပဲ(ဖြူ) မျိုးများကို ကြဲပက်စနစ်ဖြင့်သော်လည်းကောင်း၊ အတန်းလိုက်စနစ်ဖြင့်သော်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ မျိုး၊ မြေပြုပြင်ခြင်း၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၈ သိန်းခန့် ကုန်ကျကြောင်း သိရသည်။

ယခင်နှစ်က ကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ၅ သိန်းခန့် ကုန်ကျခဲ့ပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ကုလားပဲ ၁၅ တင်းခန့်ထွက်ရှိခဲ့ကြောင်း၊ ယခုလက်ရှိအချိန်တွင် ကုလားပဲစိုက်ခင်းများမှာ အဖူး၊ အပွင့် ဝေဝေဆာဆာဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ကုလားပဲစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA (မကွေး)**

## မိတ္ထီလာခရိုင်၌ ပဲစင်းငုံသီးနှံများထွက်ပေါ်၍ အရောင်းအဝယ်ဖြစ်လျက်ရှိ

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ပြည်ပပို့ကုန်တစ်မျိုးဖြစ်သည့် ပဲစင်းငုံသီးနှံကို မိတ္ထီလာမြို့နယ်တွင် ၃၆၃၄၆ ဧက၊ မလှိုင်မြို့နယ်တွင် ၆၉၅၀၄ ဧက၊ သာစည်မြို့နယ်တွင် ၂၁၅၆ ဧက၊ ဝမ်းတွင်းမြို့နယ်တွင် ၆၅၇ ဧက စုစုပေါင်း ၁၀၈၆၆၃ ဧက စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲစင်းငုံသီးနှံကို မေလနှင့် ဇွန်လများတွင်စိုက်ပျိုး၍ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ရိတ်သိမ်းရပြီး ရွှေဒင်္ဂါးပဲစင်းငုံမျိုးများကို အများဆုံး စိုက်ပျိုးကြကြောင်း၊ သီးသန့်စိုက်ပျိုးမှုနှင့် သီးညှပ် စိုက်ပျိုးမှုဟူ၍ရှိပြီး ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မြေပြုပြင်ခြင်း၊ မျိုးစေ့၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၂၈၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၇-၈ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက မိတ္ထီလာမြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချကြပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း သိရသည်။

**DOCA (မန္တလေး)**

## ၅-၂-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ရှောက်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၅၀၀၀ | ၁၁၁၆၅ | ၂၄၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၂၆၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၃၀၀ | ၂၂၀၀၀ | - | ၂၀၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၁၇၅၀၀ | ၁၅၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၁၄၀ | ၁၇၅၀၀ | ၄၇၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၆၅၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လွိုင်ကော် | ၄၀၀၀ | | ၇၀၀၀ | ၁၈၀၀၀ | ၈၂၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၄၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၈၀၅၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၀၀၀ | | ၅၀၀၀ | ၁၈၀၀၀ | ၈၀၂၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၇၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၁၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၆၃၀၀ | ၂၀၀၀၀ | ၈၄၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၈၅၆၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၁၉၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၉၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၂၅၀၀ | ၆၅၀၀ | ၅၇၀၀ | ၁၈၅၀၀ | ၃၄၀၀၀ | ၂၃၀၀၀ | ၂၆၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၆၀၀ | ၁၆၀၀၀ | ၄၆၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၂၀၀ | | ၄၉၅၀ | ၂၁၅၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၂၉၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၀၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၃၅၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၈၀၀၀ | ၂၁၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၃၆၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၈၃၁၅ | ၂၀၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၄၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၅၀၀ | ၈၁၀၀ | ၁၅၀၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၂၁၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀ | ၉၅၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၈၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၄၀၀ | ၁၆၀၀၀ | ၈၀၇၀ | ၁၄၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၈၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၇၉၀၀ | ၁၆၀၀၀ | ၃၈၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၇၄၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၃၀၀ | | ၅၃၀၀ | ၁၇၅၀၀ | ၇၉၀၀ | ၁၂၅၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၇၈၈၅ | ၁၅၈၀၀ | ၃၆၀၀ | ၁၆၄၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၄၂၀၀ | ၇၀၀ | ၈၅၀၀ | ၇၂၀၀ | ၇၇၀၀ | ၆၅၀၀ | ၅၄၀၀ | ၁၆၀၀၀ | ၂၉၀၀၀ | ၂၃၅၀၀ | ၂၈၀၀၀ | ၁၃၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၇၈၈၅ | ၁၆၄၀၀ | ၄၀၀၀ | ၁၆၈၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၇၀၀ | ၉၀၀၀ | ၇၄၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၄၀၀ | ၁၆၅၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၂၈၅၀၀ | ၁၃၄၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၉၀၀၀ | ၁၅၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၂၆၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |

# အမေရိကန်ပြည်ထောင်စုက ဂါဇာကမ်းမြောင်ဒေသကို လွှဲပြောင်းရယူမည်ဟု သမ္မတ ထရမ့်ပြော

ဝါရှင်တန် ဖေဖော်ဝါရီ ၅

**အမေရိကန်ပြည်ထောင်စုက ဂါဇာကမ်းမြောင်ဒေသကို လွှဲပြောင်းရယူလိုကြောင်းနှင့် ပါလက်စတိုင်းများကို အခြားနေရာများသို့ ရွှေ့ပြောင်းမှုများလုပ်ဆောင်ပြီးနောက် ဂါဇာကမ်းမြောင်ဒေသ ပြန်လည်ဖွံ့ဖြိုးတိုးတက်မှုများ လုပ်ဆောင်သွားရန်ဆန္ဒရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားလိုက်သည်။**


အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု။

အမေရိကန်သို့ အလည်အပတ်ခရီးရောက်ရှိနေသော အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် အမေရိကန် သမ္မတဒေါ်နယ်ထရမ့်က ထိုသို့ မှတ်ချက်ပြု ပြောကြားလိုက်ခြင်းဖြစ်သည်။

သို့သော်လည်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များကို မည်သို့အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဆိုသည့် အသေးစိတ်အချက်အလက်များကို ဖော်ပြခြင်းမရှိသေးကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုသည် ဂါဇာကမ်းမြောင်ဒေသကို လွှဲပြောင်းရယူသွားမည်ဖြစ်ကြောင်း၊ ဂါဇာကမ်းမြောင်ဒေသကို ရယူပြီးနောက် အန္တရာယ်ရှိသည့် မပေါက်ကွဲသေးသည့် ဗုံးများနှင့် အခြားလက်နက်အားလုံးကို ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း ထရမ့်ကပြောသည်။

ထို့အပြင် ဂါဇာကမ်းမြောင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်ထောင်ပေါင်းများစွာကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ အရှေ့အလယ်ပိုင်းတစ်ခုလုံး ဂုဏ်ယူသွားရမည်ဖြစ်ကြောင်း ထရမ့်က ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါနေရာသည် ကမ္ဘာ့လူသားများ၏ နေအိမ်ဖြစ်လာစေရမည်ဖြစ်ကြောင်း ထရမ့်က ထပ်မံပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသ အနာဂတ်အတွက် သမ္မတထရမ့်တွင် ကွဲပြားသည့်အမြင်များရှိသော်လည်း သတိထားရမည်ဖြစ်ကြောင်း မစ္စတာနေတန်ယာဟုက ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အစ္စရေးနှင့် ဂါဇာကမ်းမြောင်ဒေသသို့ သွားရောက်ရန် စီစဉ်ထားသည်ဟုလည်း ပြောကြားခဲ့သည်။

**ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**

# အမေရိကန်နုတ်ထွက်မှုကြောင့် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ဘတ်ဂျက်ဖြတ်တောက်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးစီစဉ်

**ဂျီနီဗာ ဖေဖော်ဝါရီ ၅**

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးသည် ၎င်း၏ ၂၀၂၆ - ၂၀၂၇ ဘတ်ဂျက်ကို အမေရိကန်ဒေါ်လာသန်း ၄၀၀ ဖြတ်တောက်သွားနိုင်ခြေရှိကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။



ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးမှ နုတ်ထွက်လိုကြောင်း အမေရိကန်က အကြောင်းကြားလာပြီးနောက် ယခုလိုအခြေအနေ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အကြီးဆုံး အလှူရှင်နိုင်ငံလည်းဖြစ်သည်။ လွန်ခဲ့သည့်လအတွင်းက သမ္မတအဖြစ် ပထမဆုံးရုံးတက်သည့်ရက်တွင်ပင် အမေရိကန်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအတွင်းမှနုတ်ထွက်ရန် ရည်ရွယ်ထားကြောင်း ထရမ့်က ပြောသည်။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ဝင်နိုင်ငံများသည် ဘတ်ဂျက်နှင့် အခြားကိစ္စရပ်များအတွက် အမှုဆောင်ဘုတ်အဖွဲ့ အစည်းအဝေးကို ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဖေဖော်ဝါရီ ၃ ရက်က ပြုလုပ်ခဲ့သည်။

ကမ္ဘာ့ကျန်းမာရေး ညွှန်ကြားရေးမှူးချုပ် တက်ဒရို့စ် အက်ဒ်ဟာနွန်ဂီဘရီယက်ဆုက အေဂျင်စီ၏ ဝန်ထမ်းများအား ဝန်ထမ်းအသစ်ခေါ်ယူခြင်းကို ခေတ္တဆိုင်းငံ့ထားရန်၊ ခရီးသွားစရိတ်များ ဖြတ်တောက်ရန်၊ အခြားသော ကုန်ကျစရိတ်များ လျှော့ချရန် ညွှန်ကြားထားကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ အမေရိကန် နုတ်ထွက်သွားခြင်းဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကူးစက်ရောဂါများ ကိုင်တွယ်ဖြေရှင်းရာတွင် စွမ်းဆောင်နိုင်မှု ထိခိုက်လာမည်ကို စိုးရိမ်နေကြသည်။

အစည်းအဝေး အစပိုင်းတွင် တက်ဒရို့စ်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ အမေရိကန်နုတ်ထွက်မည့်အစီအစဉ်ကို ပြန်လည်စဉ်းစားရန် တောင်းဆိုခဲ့သည်။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးသည် သမာသမတ်ကျပြီး နိုင်ငံများနှင့် ပြည်သူအားလုံးကို ဝန်ဆောင်မှုပေးနေသည့် အဖွဲ့အစည်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# အီရန်အပေါ် ဖိအားအမြင့်ဆုံးပေးသွားမည်ဟု ထရမ့် အလေးအနက်ထားပြောကြား

ဝါရှင်တန် ဖေဖော်ဝါရီ ၅

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အီရန်အပေါ် ပိတ်ဆို့အရေးယူမှုများပြုလုပ်ကာ ဖိအားပေးမှုများ အမြင့်ဆုံးပြုလုပ်သွားရန် ဆုံးဖြတ်ထားကြောင်း ပြောကြားခဲ့သည်။

အီရန်အပေါ် မူဝါဒနှင့်ပတ်သက်၍ ဖေဖော်ဝါရီ ၄ ရက်က အမေရိကန်သမ္မတ မစ္စတာထရမ့်က လက်မှတ်ရေးထိုးခဲ့သည်။

အီရန်၏နျူကလီးယားအစီအစဉ်ကို ကန့်သတ်ခြင်းနှင့် အရှေ့အလယ်ပိုင်းရှိ အီရန်နှင့်ဆက်စပ်နေသည့် လက်နက်ကိုင်တပ်ဖွဲ့များအတွက် ထောက်ပံ့မှုများကို ပိတ်ဆို့ခြင်းကဲ့သို့သော တင်းကျပ်သည့် အစီအမံများ အစိုးရဌာနနှင့် အေဂျင်စီများကို ညွှန်ကြားထားသည်။

အမေရိကန်သမ္မတ ထရမ့်က အီရန်သမ္မတနှင့်တွေ့ဆုံရန် ဆန္ဒရှိကြောင်း၊ အရေးအကြီးဆုံးအချက်မှာ အီရန်ကို နျူကလီးယားလက်နက်ပိုင်ဆိုင်ခွင့်မပေးရန်ပင်ဖြစ်ကြောင်း ထရမ့်က ဆက်ပြောသည်။

ထရမ့်အမေရိကန်သမ္မတအဖြစ် ပထမဆုံးအကြိမ် တာဝန်ထမ်းဆောင်စဉ်က မစ္စတာထရမ့်အနေဖြင့် အီရန်အပေါ် စီးပွားရေးပိတ်ဆို့မှုများ ပြန်လည်စတင်ခဲ့ပြီး နှစ်နိုင်ငံစစ်ရေးအရ ထိပ်တိုက်ရင်ဆိုင်မှုများဖြစ်ပေါ်လာမည်ကို စိုးရိမ်မှုများ မြင့်တက်ခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဆီးနှင်းများ ထူထပ်စွာကျဆင်း

**တိုကျို ဖေဖော်ဝါရီ ၅**

ဂျပန်ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဆီးနှင်းထူထပ်စွာကျဆင်းနိုင်ကြောင်း ဂျပန်မိုးလေဝသဌာနက ခန့်မှန်းထားသည်။

လတ်တလော ဂျပန်နိုင်ငံတွင် အလွန်ပြင်းထန်သည့် လေထုအေးများကြောင့် ဒေသအတော်များများအထူးသဖြင့် ဂျပန်ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဆီးနှင်းများ ထူထပ်စွာကျဆင်းလျက်ရှိသည်။

ဟိုကူရီကူဒေသနှင့် နီအီဂါတာခရိုင်များတွင် နှင်းများအချိန်တိုအတွင်း စုပုံလာနိုင်သလို တိုဟိုကူဒေသတောင်ပိုင်းဒေသများတွင်လည်း နှင်းများအချိန်တိုအတွင်း စုပုံလာနိုင်သည်ဟု မိုးလေဝသဌာနက ခန့်မှန်းထားသည်။

ဖေဖော်ဝါရီ ၅ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီအချိန်အထိ တိုယာမာမြို့၌ နှင်းထုသည် ၅၁ စင်တီမီတာအထိရှိကြောင်းနှင့် ယခုနှစ်ရာသီအတွင်း နှင်းအထူထပ်ဆုံး ကျဆင်းခြင်းဖြစ်ကြောင်း သိရသည်။ ၂၀၂၂ ခုနှစ်မှစကာ နှင်းထုသည် ပထမဆုံး စင်တီမီတာ ၅၀ ကျော်အထိ ကျဆင်းခဲ့ခြင်းဖြစ်သည်။

ဖေဖော်ဝါရီ ၆ ရက် မွန်းတည့်ချိန်အထိ ၂၄ နာရီအတွင်း တိုဟိုကူဒေသနှင့် နာအီဂီတာခရိုင်တွင် ၁၀၀ စင်တီမီတာအထိ၊ ဟိုကူရီကူဒေသတွင် ၈၀ စင်တီမီတာအထိ၊ ဂီဖုခရိုင်တွင် ၇၀ စင်တီမီတာအထိ နှင်းများကျဆင်းနိုင်သည်။

ထို့အပြင် ကင်ကီဒေသတွင် ၆၀ စင်တီမီတာအထိ၊ ဟော့ကိုင်းဒိုးနှင့် ချူဂိုကုဒေသတွင် ၅၀ စင်တီမီတာအထိ၊ ကန်တို-ကိုရှင်နှင့် ရှီကိုကုဒေသများတွင် ၄၀ စင်တီမီတာအထိနှင့် ကျူရှူဒေသတွင် ၁၅ စင်တီမီတာအထိ နှင်းများကျဆင်းနိုင်သည်။

ဂျပန်နိုင်ငံ မြောက်ပိုင်းနှင့် အနောက်ပိုင်း ဂျပန်ကမ်းရိုးတန်းဒေသများတွင် နှင်းများထူထပ်စွာကျဆင်းခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်မည်ဟု ဂျပန်မိုးလေဝသဌာနက ခန့်မှန်းထားသည်။




နှင်းများ ထူထပ်စွာကျဆင်းနိုင်ခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နိုင်သည့်အပေါ် ပြည်သူများအား သတိထားရန်လည်း မိုးလေဝသဌာနက တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**

## အင်ဒိုနီးရှား ဘာလီကျွန်း၌ အပူချိန်မြင့်တက်

ဂျကာတာ ဖေဖော်ဝါရီ ၅

အင်ဒိုနီးရှားနိုင်ငံ အပန်းဖြေကျွန်းတစ်ခုဖြစ်သည့် ဘာလီကျွန်းသည် ပြင်းထန်သောအပူချိန်ကို ကြုံတွေ့ခံစားခဲ့ရကြောင်းနှင့် လွန်ခဲ့သောနှစ်ရက်က အပူချိန်သည် ၃၆ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်ခဲ့ကြောင်း မိုးလေဝသ၊ ရာသီဥတုဗေဒနှင့် ဘူမိရူပအေဂျင်စီက ဖေဖော်ဝါရီ ၅ ရက်တွင် ဖော်ပြလိုက်သည်။ လွန်ခဲ့သော ဆယ်စုနှစ်သုံးစုကျော်ကာလတွင် အပူချိန်သည် ပျမ်းမျှသာရှိခဲ့ပြီး အမြင့်ဆုံးရောက်ရှိမှ ၃၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်အထိသာရှိကြောင်း သိရသည်။ ပြင်းထန်သောအပူချိန်သည် နောက်ထပ်ရက်အနည်းငယ်ကြာသည်အထိ ဆက်လက်တည်ရှိနေနိုင်ကြောင်းနှင့် အင်ဒိုနီးရှားနှင့် အများအားဖြင့် တူညီသည့် ဘာလီကျွန်းဒေသသည် လတ်တလောတွင် မိုးရာသီကာလသို့ရောက်ရှိနေပြီး မိုးရွာသွန်းမှုများလည်း တဖြည်းဖြည်းလျော့နည်းလာပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ညောင်တုန်းမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးသုံးပစ္စည်းနှင့် လယ်ယာသုံး စက်ပစ္စည်းအရောင်းဆိုင်များ၌ မီးဘေးလုံခြုံရေးအတွက် အသိပညာပေးစစ်ဆေး



**ညောင်တုန်း ဖေဖော်ဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးသုံးပစ္စည်းနှင့် လယ်ယာသုံး စက်ပစ္စည်း အရောင်းဆိုင်များ၌ မီးဘေးလုံခြုံရေးအတွက် အသိပညာ ပေးစစ်ဆေးခြင်းကို ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းသူ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ အမိုနီယမ်နိုက်ထရိတ်ပါဝင်သည့် ဓာတ်မြေဩဇာများ ရောင်းချသည့် စိုက်ပျိုးရေးသုံး ပစ္စည်းနှင့် လယ်ယာသုံးစက်ပစ္စည်း အရောင်းဆိုင်များ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းဆိုင်ရာ အကြောင်းအရာများကို အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)

## ထန်းတပင်မြို့နယ် ကုန်းလှည်းဆိပ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ထန်းတပင် ဖေဖော်ဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၏ ၅၀ရာခိုင်နှုန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ကုန်းလှည်းဆိပ်ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ စစ်ဆေးရာတွင် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုအေး၊ ဦးစီးအရာရှိ ဒေါ်စန်းစန်းမော်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် ကုန်းလှည်းဆိပ် ကျေးရွာ၌ အရှည် ၁၁၆၃ ပေ၊ အကျယ် နှစ်ပေ၊ ဒု ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းမှ ရရှိလာသည့် အတိုးရငွေကျပ် ၂၀ ဒသမ ၇၆၈၃၃ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၂ သန်းကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ တတိယပတ်မှစတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအားလုံး ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

JJJ

## ဖျာပုံမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြပွဲ ကျင်းပ

**ဖျာပုံ ဖေဖော်ဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြောက်ပိုင်းဈေး၌ ယနေ့နံနက်ပိုင်းက မီးဘေးအန္တရာယ်ဖြစ်ပွားမှုမရှိစေရေး လက်တွေ့သရုပ်ပြ လေ့ကျင့်ဆောင်ရွက်ကြသည်။

အဆိုပါ မီးဘေးအန္တရာယ်ဖြစ်ပွားမှုမရှိစေရေး လက်တွေ့ သရုပ်ပြ လေ့ကျင့်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်ဦးနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းဦး၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်လျှပ်စစ်မှ တာဝန်ရှိသူများ၊ မြောက်ပိုင်းဈေးမှ ဈေးတာဝန်ခံများနှင့် ဈေးသူ ဈေးသားများပါဝင်သော ပူးပေါင်းအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြောက်ပိုင်းဈေး၌ ဆီမီးလောင်မှုကို အောက်ဆီဂျင်ဖြတ်တောက်မီးငြိမ်းသတ်နည်းနှင့် မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်နည်း အမျိုးမျိုးကို လက်တွေ့သရုပ်ပြ လေ့ကျင့်ခဲ့ကြသည်။

ထို့နောက် မြောက်ပိုင်းဈေးအတွင်းရှိ မီးပလပ်ခုံများ၊ မီးကြိုးများ ကြံ့ခိုင်မှု ရှိ မရှိ လိုက်လံစစ်ဆေးပြီး မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဈေးသူ ဈေးသားများသို့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အောင်ဝင်းနိုင် (ပြန်/ဆက်)



## ပန်းတောင်းမြို့နယ်၌ ဦးတည်အုပ်စုများအား ငှက်ဖျားရောဂါကာကွယ်ဆေး တိုက်ကျွေးခြင်း အသိပေးရှင်းလင်းပွဲ ကျင်းပ

**ပန်းတောင်း ဖေဖော်ဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ယနေ့နံနက်ပိုင်းက ဦးတည်အုပ်စုများအား ငှက်ဖျားရောဂါ ကာကွယ်ဆေး တိုက်ကျွေးခြင်းနှင့် ပတ်သက်၍ မြို့နယ်အဆင့် အသိပေး ရှင်းလင်းပွဲအခမ်းအနား ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ သန်းထိုက်စိုးက ဦးတည်အုပ်စုများအား ငှက်ဖျားရောဂါ ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ပတ်သက်၍ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ခရိုင် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်ဆရာဝန် ဒေါက်တာဇေဖြိုးသန့်က ငှက်ဖျားရောဂါဖြစ်ပွားမှုနှင့် ငှက်ဖျားရောဂါ ကာကွယ်ဆေးတိုက်ကျွေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

## ဘိုကလေးမြို့နယ် ငါးပြေမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေး

**ဘိုကလေး ဖေဖော်ဝါရီ ၅**

ဧရာဝတီတိုင်း ဒေသကြီး ဘိုကလေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ဒသမ အကြိမ် ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်သင်းသင်းလှိုင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။ ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက် လည်ပတ် ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ငါးပြေမကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်မည့် အသင်းသားအသင်းသူ ၁၉၈ ဦးအား မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း၄၂၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်




**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm
၂။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm
၃။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm
၄။ Myawady Webportal https://myawady.net.mm
၅။ Myanmar National Portal https://myanmar.gov.mm

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

## ကျိုက်ထိုမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**ကျိုက်ထို ဖေဖော်ဝါရီ ၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ရာသီဥတုပြောင်းလဲမှု၊ သစ်တောထိန်းသိမ်းရေး၊ သဘာဝတောထိန်းသိမ်းရေးနှင့်မီးခိုးမြူငွေ့လျှော့ချရေး



ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၃ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင်မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးမျိုးကြည်က သစ်တောများပြုန်းတီးခြင်းကြောင့် နောက်ဆက်တွဲဆိုးကျိုးများ၊ ရာသီဥတုပြောင်းလဲမှုနှင့် လေထုအလွှာအကြောင်း၊ လေထုညစ်ညမ်းမှုအမျိုးအစားများ၊ တောမီးနှင့် မီးခိုးမြူငွေ့အကြောင်း၊ မီးခိုးမြူငွေ့ကြောင့် ဖြစ်ပေါ်နိုင်သည့်ဆိုးကျိုးများ၊ ပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးများ၊ တောမီးဆိုင်ရာဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးဟောပြောရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)

## ကျိုက်မရောမြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို လူငယ်ရေးရာဟောပြောပွဲကျင်းပ

**ကျိုက်မရော ဖေဖော်ဝါရီ ၅**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် အလက သင်ဃန်းချောင်ကျောင်း၌ ကျောင်းသား ကျောင်းသူလူငယ်များ အသိပညာဗဟုသုတ တိုးပွားစေရန်အတွက် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် လူငယ်ရေးရာပညာပေးဟောပြောပွဲကို ယမန်နေ့က အလကသင်ဃန်းချောင်ကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးက (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာများ၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးစိုးညီညီက စားသုံးသူဥပဒေနှင့် စားသုံးရန်မသင့်သောအစားအစာများအကြောင်းကို အသိပညာပေးဟောပြောသည်။

ယင်းနောက် အလကသင်ဃန်းချောင် ကျောင်းအုပ်ဆရာမကြီး



ဒေါ်မြင့်မြင့်ဆွေက လူငယ်ရေးရာဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ညောင်တုန်းမြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

**ညောင်တုန်း ဖေဖော်ဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ငှက်ပျောကျွန်းကျေးရွာအုပ်စုတွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လယ်ကုန်း(ကုန်းစု)ကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ကျော်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်၊ အဖွဲ့ဝင် ဦးဇော်လွင်၊ အတွင်းရေးမှူး ရဲမှူးစိုးဝင်းတို့က ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်၍ ကွန်ကရစ်လမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လယ်ကုန်း(ကုန်းစု)ကျေးရွာ ကွန်ကရစ်လမ်းသစ်မှာ အရှည်ပေ ၉၆၀၊ အကျယ် ရှစ်ပေ၊ ဒုခြောက်လက်မရှိပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တပ်ကုန်းမြို့နယ် ဇီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေး

**တပ်ကုန်း ဖေဖော်ဝါရီ ၅**

နေပြည်တော် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးခြင်း အခမ်းအနားကို ယမန်နေ့က ဇီးကုန်းကျေးရွာ၌ ကျင်းပသည်။

ထိုသို့ ကွင်းဆင်းထုတ်ချေးရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဒေါ်နိုင်ရတနာအောင်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃၁ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဇီးကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦးအား ငွေကျပ် ၂၁၆ သိန်းကို လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၂ ဦးအား ငွေကျပ် ၂၁၅ သိန်းကို လည်းကောင်း စုစုပေါင်း အသင်းသား အသင်းသူ ၈၆ ဦးအား ပဉ္စမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃၁ သိန်းကို အသင်းသား အသင်းသူများအား တစ်ဦးချင်း လက်ဝယ်အရောက် အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်



## လင်းခေးမြို့နယ် ဝမ်စလောင်းကျေးရွာ၌ ဆိုင်လင်းစာကြည့်တိုက်ဖွင့်ပွဲကျင်းပ

**လင်းခေး ဖေဖော်ဝါရီ ၅**

(၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ဝမ်စလောင်းကျေးရွာရှိ ဆိုင်လင်းစာကြည့်တိုက်ဖွင့်ပွဲကို ယမန်နေ့က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုဦး၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းမင်းထက်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဦးသန်းမြင့်နှင့် ဝမ်စလောင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းညွှန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး၊ ခရိုင်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးသန်းမြင့်က စာကြည့်တိုက်လုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး ဝမ်စလောင်းကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးရွာပြည်သူလူထုကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။



ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူးတို့က စာအုပ်စာစောင်များ လှူဒါန်းပေးအပ်ရာ ကျေးရွာစာကြည့်တိုက်ကော်မတီ တာဝန်ရှိသူတို့က လက်ခံရယူခဲ့သည်။

**စိုင်းဇော်လတ်(လင်းခေး)**

## အသိပေးနှိုးဆော်ချက်

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ၁၀-၂-၂၀၂၅ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း၊ ၁၂-၂-၂၀၂၅ ရက်နေ့တွင် ပြည်ထောင်စုနေ့ သဝဏ်လွှာ ဖတ်ကြားခြင်းအခမ်းအနားအား ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသော ယာဉ်များသည် မြေနီကုန်းတံတားအောက် မီးပွိုင့်တွင် ညာဘက်သို့ ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## သမဝါယမအသင်းများမှ ဆီနေကြာများ စိုက်ပျိုးထားရှိ

**တောင်ကြီး ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ ရောင်နီဦးလယ်ယာနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း တောင်ကြီးမြို့နယ် သံတဲကျေးရွာအုပ်စု ပံပုန်ကျေးရွာရှိ ပန်းချယ်ရီစိုက်ပျိုး ထုတ်လုပ်ရေး သမဝါယမအသင်းနှင့် ပင်းတယမြို့နယ် ပွေးလှကျေးရွာရှိ



ပွင့်လန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းများရှိအသင်းသားပိုင် ယာမြေများ၌ အသင်းသားတောင်သူများက ဆီနေကြာများ စိုက်ပျိုးထားရှိသည်။

အဆိုပါစိုက်ပျိုးထားရှိသော နေကြာများ ထွက်ရှိလာပါက ဆီကြိတ်ခွဲနိုင်ရေးအတွက် ညောင်ရွှေမြို့နယ်သမဝါယမအသင်းစုပိုင် ဆီစက်၊ သမဝါယမအသင်းသားပိုင် ဆီစက်များနှင့် ချိတ်ဆက်၍ အရည်အသွေးပြည့်မီသော နေကြာဆီများ ကြိတ်ခွဲရောင်းချနိုင်ရေးနှင့် ဈေးကွက်ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော် ဆိုင်ကယ်နှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ဖေဖော်ဝါရီ ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၄၆၈၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံး ပစ္စည်းတစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၆၂၉၀၀၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၄မျိုး၊ လုပ်ငန်းသုံးပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၉၃၄၁၆၂) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Foton Auman Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၅၆၀၉၉၆၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အပြင် ဖေဖော်ဝါရီ ၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှမုံရွာမြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးနှင့် မန္တလေးမြို့မှမြစ်ကြီးနားမြို့သို့သွားရောက်မည့် မော်တော်ယာဉ်နှစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ၃၀၊ လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၂၉၇၉၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးနှင့် စက်မှုဇုန်ထုတ် Hnin Kyar Phyu Pickup တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ တန့်ယန်းမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၉၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၃၅၂၆၉၀၀ ကို ဖမ်းဆီးရမိခဲ့ပြီးအကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့်၏ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြောင်းမြမြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၉၉၃၆၈၆၂ ကိုဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့်နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မြောင်မြို့နယ် မြစ်ဆုံရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲခဲ့သည့်အတွက် အိမ်နှစ်လုံးပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများမှ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် မြစ်ဆုံရွာကို ဖေဖော်ဝါရီ ၃ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းမှ ဗုံးကြဲခဲ့သည့်အတွက် နေအိမ်နှစ်လုံးပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့် ဒေသခံများထံသို့ ဆက်သွယ်မေးမြန်းချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါမြို့နယ်များအတွင်း အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်မှုမရှိစေရေး လိုအပ်သော လုံခြုံရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ရေးပစ်မှတ်မဟုတ်သည့်




ကျေးရွာများအတွင်း ပစ်ခတ်တိုက်ခိုက်ခြင်းများမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ၎င်းတို့အပေါ် ထောက်ခံအားပေးမှု မရှိသည့် ကျေးရွာ/ရပ်ကွက်များ အတွင်းသို့ အကြောက်တရားလွှမ်းမိုးစေရန် ဒရုန်းများ၊ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိပစ်ခတ်ခြင်းများပြုလုပ်လျက်ရှိကြောင်း၊ အထက်ပါသတင်းသည် အကြမ်းဖက်သမားများ၏လုပ်ရပ်များကိုဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများက ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ထူးကြီးမြို့ အထက(ခွဲ)ဘုရားငုတ္တိုကျောင်း၌ မီးဘေးလုံခြုံရေးအသိပညာပေးဟောပြော

**အင်္ဂပူ ဖေဖော်ဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ထူးကြီးမြို့ အထက(ခွဲ)ဘုရားငုတ္တိုကျောင်းတွင် ယမန်နေ့က မီးဘေးလုံခြုံရေး အသိပညာပေးဟောပွဲပြုလုပ်သည်။

ဦးစွာ အထက(ခွဲ)ဘုရားငုတ္တိုကျောင်း ကျောင်းအုပ်ဆရာကြီး ဦးခင်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းသိန်းက မီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းအရင်းများ၊ မီးဘေးလုံခြုံရေးနှင့် မီးသတ်ဆေးဘူးအသုံးပြုပုံများကို ရှင်းလင်းပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နည်း သရုပ်ပြသကာ ကျောင်းသား ကျောင်းသူများမှ လက်တွေ့ငြိမ်းသတ်ခဲ့ကြသည်။ ထို့နောက် မီးသတိမူရေးလက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းသိန်း၊ ထူးကြီးနယ်မီးသတ်စခန်းမှူးနှင့်တပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့်ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၂၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**ရမည်းသင်း ဖေဖော်ဝါရီ ၅**

ရမည်းသင်းခရိုင်အတွင်း မီးဘေးအန္တရာယ် ကင်းဝေးရေးအတွက် ခရိုင်မီးသတ်ဦးစီးမှူးဦးဆောင်၍ နည်းပညာတက္ကသိုလ် (ရမည်းသင်း)၌



မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါတက္ကသိုလ်၌ ဆောင်ရွက်ခဲ့သည်။

ဦးစွာ နည်းပညာတက္ကသိုလ် (ရမည်းသင်း)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာမြတ်သူက အမှာစကားပြောကြားပြီး ရမည်းသင်းခရိုင်မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးထွန်းထွန်းဇော်က လျှပ်စစ်ကားများနှင့်စပ်လျဉ်း၍ မီးဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာစနစ်များကို လည်းကောင်း၊ ရမည်းသင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးသူရလင်းက မီးသတ်ဆေးဘူး သုံးစွဲနည်းများကို အသိပညာပေး ဆွေးနွေးသည်။ ထို့နောက် ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နည်းသရုပ်ပြသကာ ကျောင်းသား ကျောင်းသူများက လက်တွေ့ငြိမ်းသတ်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# မိတ္ထီလာမြို့ရှိ အခြေခံပညာကျောင်း ၂၆၃ ကျောင်းမှ KG ကျောင်းသား ကျောင်းသူများအား တတိယအကြိမ် အာဟာရကျွေးမွေး

**မိတ္ထီလာ ဖေဖော်ဝါရီ ၅**

မိတ္ထီလာမြို့နယ်အတွင်းမှ အခြေခံပညာကျောင်းပေါင်း ၂၆၃ ကျောင်းတွင် ပညာသင်ယူနေသောကျောင်းသူ ကျောင်းသား ၄၈၄၆ ဦးအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ တတိယအကြိမ်ကျောင်းတွင်း အာဟာရကျွေးမွေးမှုကို ယနေ့နံနက် ၁၀ နာရီက အထက(ချည်စက်) တွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကျောင်းတွင်းအာဟာရကျွေးမွေးသည့်နေရာတွင် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး ဒေါ်မော်မော်၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကျောင်းအုပ်နှင့် ဆရာ ဆရာမများက အထက (ချည်စက်)ရှိ KG တန်းတွင် ပညာသင်ကြားနေသော ကျောင်းသူ ကျောင်းသားများအား အာဟာရကျွေးမွေးခြင်းများဆောင်ရွက်ခဲ့သည်။ အလားတူ မြို့နယ်အတွင်းရှိ အခြားအခြေခံပညာကျောင်းပေါင်း ၂၆၂ ကျောင်းရှိ KG တန်းကျောင်းသူ ကျောင်းသားများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်း ဆောင်ရွက်ခဲ့သည်။

**ချမ်းသာ(မိတ္ထီလာ)**



# "ကမ္ဘောဇမြေ ချယ်ရီဝေ" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတ ဖျော်ဖြေပွဲများကို အပတ်စဉ် သောကြာနေ့ ညတိုင်း ဆန်းသစ်တင်ဆက်လျက်ရှိရာ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နာမည်ရ တိုင်းရင်းသားတေးသံရှင်များက ပွဲစဉ် (၇)ပွဲဖြင့် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်အထိ ဖျော်ဖြေတင်ဆက်မှုတွင် ပွဲစဉ်(၇) "ကမ္ဘောဇမြေ ချယ်ရီဝေ" တေးဂီတဖျော်ဖြေပွဲကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ (သောကြာနေ့) ည ၉ နာရီခန့်၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် နာမည်ရ ရှမ်းတိုင်းရင်းသား/ တိုင်းရင်းသူ တေးသံရှင်များ ဖြစ်ကြသည့် စိုင်းကျော်သက်၊ စိုင်းဖေတင်းဆိုင်၊ စိုင်းဖွန်းခမ်း၊ စိုင်းအောင်မိန်း၊ နောင့်မွေဆိုင်နှင့် နန်းဖွေးဟွမ် တို့က ချယ်ရီပန်းများ ပွင့်လန်းရာ ရှမ်းပြည်နယ်၏ သာယာလှပပုံ၊ ရှမ်းအိုးစည်သံ၊ ရှမ်းရိုးရာ အကအလှများနှင့် ပျော်ရွှင်ကြည်နူးကြပုံ၊ ရှမ်းတိုင်းရင်းသားများ၏ ချစ်စရာကောင်းသည့် ဟန်ပန်အမူအရာနှင့် ရိုးသားဖြူစင်မှု၊ နွေးထွေးပျူငှာစွာ ဖိတ်ခေါ်မှုနှင့် ညှို့ဝတ်ကျေပွန်ပုံတို့ကို ဖော်ကျုံးထားသည့် တေးသီချင်းကောင်းများအား ရှမ်း၊ ဗမာ နှစ်ဘာသာဖြင့် သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး ရှမ်းတိုင်းရင်းသားတေးဂီတအဖွဲ့ Tai Selection Music Band ကလည်း လက်စွမ်းပြတီးခတ်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း လွှင့်တင်မည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် ဖေဖော်ဝါရီ ၉ ရက်၊ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း MRTV HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**






## သဃ်န်းကျွန်းမြို့နယ် ပညာရေးဒီဂရီကောလိပ်၌ အားကစားပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၅**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို သင်္ဃန်းကျွန်း ပညာရေးဒီဂရီကောလိပ်၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အားကစား ဟူသည်မှာ ကြံ့ခိုင်မှု၊ ခွန်အားရှိမှု၊ လျင်မြန်မှု၊ ကျွမ်းကျင်မှု၊ ခံနိုင်ရည်ရှိမှု၊ ပူးပေါင်းဆောင်ရွက်မှု စသည့် အခြေခံအချက် (၆) ချက်ပေါ်တွင် မူတည်လျက်ရှိရာ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူများအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးဟူသည့် အချက်ကို အလေးထားပြီး အားကစားပြိုင်ပွဲများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် သင်္ဃန်းကျွန်းပညာရေးဒီဂရီကောလိပ်မှ ချမှတ်ထားသည့် ဦးတည်ချက်နှင့်အညီ မျိုးဆက်သစ် လူငယ်အားကစားသမားများ ပေါ်ထွန်းလာစေရေး၊ ကျောင်းသား၊ ကျောင်းသူများ အားလုံး အားကစားကို ပိုမိုစိတ်ဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လှုပ်ရှားလာစေရေး စသည့်ရည်ရွယ်ချက်ဖြင့် ကျင်းပရခြင်းဖြစ်ရာ မိမိတို့တွင်ရှိသည့် အစွမ်းအစများကို အကောင်းဆုံး အသုံးချယှဉ်ပြိုင်သွားကြရန် ပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများကို တိုင်းဒေသကြီးဝန်ကြီးများက လိုက်လံနှုတ်ဆက်ခဲ့သည်။

ထို့နောက် ကျောင်းသားကျောင်းသူများက Fitness Dance ဖြင့် သရုပ်ပြခြင်း၊ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲအမှတ် (၃)နှင့် (၄) ဖြင့် သရုပ်ပြခြင်း၊ တိုက်ကွမ်ဒိုတိုက်ကွက်များဖြင့် သရုပ်ပြခြင်း၊ လွန်ဆွဲပြိုင်ပွဲများကို ကျင်းပခဲ့ရာ ဆုရရှိသော အားကစားသမားများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ခရိုင်(ပြန်/ဆက်)**

## (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို မိတ္ထီလာပညာရေးဒီဂရီကောလိပ်၏ အားကစားပြိုင်ပွဲဖွင့်

**မိတ္ထီလာ ဖေဖော်ဝါရီ ၅**

(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မိတ္ထီလာ ပညာရေးဒီဂရီကောလိပ်၏ အားကစားပြိုင်ပွဲဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင် အားကစားအသင်းများကို တာဝန်ရှိသူများက လိုက်လံနှုတ်ဆက်အားပေးသည်။ ထို့နောက် အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တေးသရုပ်ဖော်အကများ၊ ပန်းဖွားအကများနှင့် မြန်မာ့ရိုးရာသိုင်းပညာ သရုပ်ဖော်များဖြင့် ကျောင်းသား ကျောင်းသူများနှင့် အဖွဲ့များက သရုပ်ဖော်ကပြဖျော်ဖြေသည်။ အဆိုပါအားကစားပြိုင်ပွဲတွင် ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် စားပွဲတင် တင်းနစ်ပြိုင်ပွဲများပါဝင်ပြီး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



## တောင်ငူခရိုင်အတွင်းရှိ ကျေးလက်လမ်းများ ဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**တောင်ငူ ဖေဖော်ဝါရီ ၅**



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်း/ ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေနှင့် ပဲခူးတိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိသည့် တောင်ငူခရိုင်အတွင်းရှိ ကျေးလက်လမ်းတည်ဆောက်ရေး လုပ်ငန်းခွင်များသို့ ယနေ့ မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေဦးနှင့် ခရိုင်၊ မြို့နယ် တာဝန်ခံ အင်ဂျင်နီယာများ၊ လုပ်ငန်းအရည်အသွေးကြီးကြပ်ရေးအဖွဲ့များနှင့်အတူ (Class A) အဆင့်လမ်းဖြစ်သည့် ရန်ကုန်– မန္တလေးလမ်းဟောင်းဖြင့် ချိတ်ဆက်ထားသော မင်းလမ်း–ငါးဖယ်အင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ကံရိုး–ကောင်းမှုတော်လမ်း၏ စစ်တောင်းမြစ်ရေကြီးမှုကြောင့် ရေတိုက်စား၍ ပျက်စီးသွားသော ကျောက်လမ်းပိုင်းကို ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ကြံတော – ဆူးတပ် – မွေရိုး–ကြို့ကုန်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**

## ဝမ်းတွင်းမြို့မဈေးကြီး၌ မီးဘေးလုံခြုံရေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ဝမ်းတွင်း ဖေဖော်ဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက ဝမ်းတွင်းမြို့မဈေးကြီး၌ မီးဘေးလုံခြုံရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပြီး အရေးပေါ် ဖုန်းနံပါတ်ပါ ဗီနိုင်းဆိုင်းဘုတ်များ စိုက်ထူခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြင့်သိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းဇော်မြင့်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မြင့်နှင့် ဈေးတာဝန်ခံများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးထွန်းနှင့် သန္ဓေတပ်ဖွဲ့ဝင် ၁၀ ဦးတို့က ဈေးသူ ဈေးသားများနှင့် ဈေးသွား ဈေးလာများကို မီးဘေးလုံခြုံရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး **(ယာပုံ)** မီးသတ်ဦးစီးဌာန၏ အရေးပေါ် ဖုန်းနံပါတ်ပါ ဗီနိုင်းဆိုင်းဘုတ်များ စိုက်ထူခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**



**ခရမ်းလွန်ရောင်ခြည်**
**အန္တရာယ်ကာကွယ်ရေး**
**အိုဇုန်းလွှာကို**
**ထိန်းသိမ်းပေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
## ကြော်ငြာစာအမှတ်(၁/၂၀၂၅)
## လျှောက်လွှာခေါ်ယူခြင်း

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/လစာနှုန်း | အနိမ့်ဆုံးပညာအရည်အချင်း | လစ်လပ်နေရာ |
|---|---|---|---|
| (က) | နည်းပြ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ သမဝါယမပညာ(၅)၊ ဘောဂဗေဒ(၃)၊ စာရင်းအင်းပညာ(၁)၊ ဝါဏိဇ္ဇဗေဒ(၃)၊ စီမံခန့်ခွဲမှုပညာ(၃)၊ မြန်မာစာ(၃)၊ အင်္ဂလိပ်စာ(၃)၊ ICT(၂)၊ ပထဝီဝင်(၂)၊ ဥပဒေ(၂) | သက်ဆိုင်ရာအထူးပြုဘာသာရပ် အလိုက်မဟာအရည်အချင်းစစ် သင်တန်းတက်ရောက်ရန် အဆင့်မီသူ | ၂၇ |
| (ခ) | အငယ်တန်းအင်ဂျင်နီယာ(၂) ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | နည်းပညာတက္ကသိုလ်တစ်ခုခုမှ သက်ဆိုင်ရာဘာသာရပ်အလိုက် အင်ဂျင်နီယာဘွဲ့ရရှိထားသူ | ၂ |
| (ဂ) | အငယ်တန်းစာရေး ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုခုရရှိပြီးသူ | ၁၀ |
| (ဃ) | ဒု-လ/ထကွန်ပျူတာလုပ်ဆောင်ရေးမှူး ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုခုရရှိပြီး ကွန်ပျူတာအောင်လက်မှတ်ရရှိပြီးသူ | ၁၃ |
| (င) | သုတေသနလက်ထောက်(၄) ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုခုရရှိပြီးသူ | ၅ |
| (စ) | စာရင်းကိုင်(၄) ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | B.A(BS)/ B.BSc/ B.BSc(AF)/ B.Sc(Maths)/ B.Com/ B.Act | ၈ |
| (ဆ) | ပစ္စည်းထိန်း(၄) ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုခုရရှိပြီးသူ | ၂ |
| (ဇ) | စာကြည့်တိုက်လ/ထ(၄) ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုခုရရှိပြီးသူ | ၁ |
| (ဈ) | လက်သမား(၅) ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | အခြေခံပညာအလယ်တန်း/အထက်တန်း အဆင့်ရှိပြီးကျွမ်းကျင်လက်မှတ်ရရှိထားသူ | ၁ |
| (ည) | လက်မှုကျွမ်းကျင်(၅)ရေပိုက်ပြင် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | အခြေခံပညာအလယ်တန်း/အထက်တန်း အဆင့်ရှိပြီးကျွမ်းကျင်လက်မှတ်ရရှိထားသူ | ၁ |
| (ဋ) | စက်မောင်း(၅)ရေစက် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | အခြေခံပညာအလယ်တန်း/အထက်တန်း အဆင့်ရှိပြီးကျွမ်းကျင်လက်မှတ်ရရှိထားသူ | ၁ |
| (ဌ) | လျှပ်စစ်ကျွမ်းကျင်(၅) ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | နည်းပညာအထက်တန်းကျောင်း အောင်မြင်ပြီးသူ/အခြေခံပညာအထက်တန်း အဆင့်ရှိသူ | ၁ |
| (ဍ) | ယာဉ်မောင်းစက်ပြင်(၅) ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | အခြေခံပညာမူလတန်းအောင်မြင်ပြီး ယာဉ်မောင်းလိုင်စင်(ခ)ရရှိပြီးသူ | ၃ |
| (ဎ) | လုပ်သား(ဥယျာဉ်) ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | အခြေခံပညာမူလတန်းအောင်မြင်ပြီး ကျန်းမာသန်စွမ်းသူ | ၅ |
| (ဏ) | လုပ်သား(အထွေထွေ) ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | အခြေခံပညာမူလတန်းအောင်မြင်ပြီး ကျန်းမာသန်စွမ်းသူ | ၂ |
| (တ) | အစောင့် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | အခြေခံပညာမူလတန်းအောင်မြင်ပြီး ကျန်းမာသန်စွမ်းသူ | ၅ |
| (ထ) | ရုံးအကူ ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ | ၆ |

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ၃၁-၁-၂၀၂၅ ရက်နေ့တွင် အသက် (၃၀)နှစ်ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်။

(ဂ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဃ) ကိုယ်လက်အင်္ဂါပြည့်စုံပြီး ကျန်းမာသန်စွမ်းသူ ဖြစ်ရမည်။

(င) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

(စ) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်ရမည်။

၃။ လျှောက်လွှာများကို သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် လာရောက်ဝယ်ယူနိုင်ပြီး (၂၅-၂-၂၀၂၅) ရက်(အင်္ဂါနေ့) (လျှောက်လွှာပိတ်ရက်) မတိုင်မီ ရုံးချိန်အတွင်း ၁၆:၀၀ နာရီ နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်လျှောက်ထားရမည် ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ စီမံရေးရာဌာနခွဲ ဖုန်းနံပါတ် ၀၅၆-၂၃၂၅၅ သို့လည်းကောင်း၊ ၀၉-၆၆၀၁၂၇၆၆၆၊ ၀၉-၉၆၉၈၅၆၆၆၁ သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၃၄၃/က၊ ၁၂၀၀ စ/ပေ၊ မြေကွက်တည်နေရာ အမှတ်(၃၄၃/က)၊ ဥဒ္ဒနာ(၆)လမ်း၊ (၈)ရပ်ကွက်၊ ဦးတိုးအောင် (၁၂/ဥကမ(နိုင်)၁၀၈၉၄၆) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် ဦးတိုးအောင်ထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၆၅၈၁/၂၀၂၄/ ၈-၈-၂၀၂၄ ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်အေးအေးသန်း (၁၂/ဥကမ(နိုင်)၁၀၈၈၅၃) မှ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းမှာ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်း၊ အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာ ပါက မိမိမှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြု ကျမ်းကျိန်လွှာအမှတ်-၆၂၇/၂၀၂၄/၂-၈-၂၀၂၄၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) မူရင်းပျောက်ဆုံးကြောင်း သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/50583, Honda PCX 160 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစံဝေ ၁၄/ပေတ (နိုင်)၁၀၈၇၂၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7K/1592 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆန်းအေး ၁၃/နခတ(နိုင်)၀၅၅၃၂၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/50271,SR110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်သူ ၁၄/ပသန(နိုင်) ၂၂၈၀၁၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
### မြိတ်ခရိုင်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၂

ဦးသောင်းထွန်းစိုး **နှင့်** ၁။ ဒေါ်ယုယုဝေ
၂။ ဒေါ်ကြူကြူသင်း
၃။ ဦးထွန်းအောင်
၄။ ဒေါ်အိဘူး
၅။ ဒေါ်အေးမိစံ
၆။ ဒေါ်ဖြူဖြူခိုင်
၇။ ဦးထွန်းဦး

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် (၂၃)လမ်းထိပ်၊ အမှတ်(၆၀၇)နေ ဒေါ်အိဘူး၊ ဒေါ်အေးမိစံ၊ ဒေါ်ဖြူဖြူခိုင်၊ ဦးထွန်းဦး (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ မတ်လ (၃)ရက် (၁၃၈၆ခုနှစ်၊ တပေါင်းလဆန်း ၅ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေး လိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးထွန်း)**
**ဒုတိယခရိုင်တရားသူကြီး**
**မြိတ်ခရိုင်တရားရုံး**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၈-၁-၂၀၂၅)ရက်နေ့ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၉) တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်ညိမ်းညိမ်းထွေး ကြေညာသည့် အများသိရှိစေရန် ကြေညာခြင်း ကြော်ငြာတွင် နန့်အေးသက်မာ၏ မှတ်ပုံတင်အမှတ်အား ၁၄/ကပန(နိုင်)၁၇၄၇၉၃ အစား ၁၄/ကပန(နိုင်)၁၇၄၉၉၃ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်ပြောင်း

ဦးမျိုးကိုကိုနိုင်၏သားများဖြစ်သော မြိတ်မြို့၊ အထက (၁) Grade-11 မှ မောင်ဟိန်းထက်အောင်အား မောင်ဟိန်းခန့်ညားအောင်ဟုလည်းကောင်း၊ Grade-6 မှ မောင်ရှင်းခန့်အောင်အား မောင်ရှိုင်းထက်အောင်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဟိန်းခန့်ညားအောင်၊ မောင်ရှိုင်းထက်အောင်လင်း**

## တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ထုံးဖိုအုပ်စု၊ ဒဟတ္တောကျေးရွာနေ ဦးနေသူလှိုင်၏ မိခင်ဖြစ်သူ ဒေါ်စမ်းစမ်းမြင့်(ခ)ဒေါ်စန်းစန်းမြင့် ၉/တကန(နိုင်)၂၀၁၇၆၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ သစ်ဆိမ့်ပင်အုပ်စု၊ နတ်စင်ကျေးရွာနေ ဦးနေမင်းထွန်း၏မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်မူ(ခ)ဒေါ်မြင့်မူ ၉/တကန(နိုင်)၀၁၁၆၆၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ပျဉ်းမနားမြို့၊ ပန်းခင်း ပျဉ်းမနားမြို့၊ ပန်းခင်း(၂) ၄လမ်းနေ မောင်သန့်ဇင်မင်း(ဘ)ဦးကျော်မြိုင် ၉/ပမန(နိုင်) ၂၃၅၁၈၉၏ အမှတ် MH-145940 မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၅၇၁၅၂၇**

## အမည်ပြောင်း

